# ခေရာ

## စာစောင်



တွဲ ၁၊ မှတ် ၁

ဇွန်လ၊ ၂၀၂၆ ခုနှစ်။

ခေရ
စာစောင်

ထုဂီမား
မျိုးအောင်

စာတည်းဖွဲ့
နောင်ငြိမ်း၊ နောင်ဖွူ။

စာဖောင်ဖွဲ့ / မျက်နှာဖုံးဇိုင်း
ပြည့်ဖြိုး

စာမူကိစ ဆစ်သွယ်ရဟို့ လိစာ
Email - editor.khayyar@gmail.com

# မာတိကာ

## ကဗျာ


| | | |
|---|---|---|
| ခေရာစာစောန် | နောန်ဖွှု | ၅ |
| နိဖောန် ဒေါင်း | ဖေလှဦး | ၆ |
| ဝီးဟှ် လွှန်း ပေါင် မြင် | မစန္ဒာ ( ချစ်ခြင်းဖြင့် – ထားဝယ်မြေ ) | ၇ |
| ငါးကောန်ဖြစ်န ငါ | ချမ်းသူ | ၁၀ |
| ဝဲ | နောန်ငြီး | ၁၁ |
| မခဲရား | သေင် ( ရှစ်သား ဟွေး ) | ၁၃ |
| မုလတ်သောက် | သေင် ( ရှစ်သား ဟွေး ) | ၁၄ |
| ဖွေ့ာန်းသားဟား | မောင်လေးငယ် | ၁၅ |
| ဂါးပြောလာဟှယ် | နောန်ငြီး | ၁၆ |
| ရှစ်မဝ | သေင် ( ရှစ်သား–ဟွေး ) | ၁၇ |
| နှစ်ချောက် | နောန်ငြီး | ၁၉ |
| ဒတ်စွာ ဖွှာ | သေင် ( ရှစ်သား–ဟွေး ) | ၂၀ |


## အက်ဆေး


| | | |
|---|---|---|
| သွားကေ့စားဖူးဟို ဖကီးပန်းပွင့် ပွဲ | နောန်ပြည့်ဝ | ၂၁ |
| မုလတ်သောက်ဆိုင်ရှေ့ဟှ် စစ်ပွဲ | ဈာန်ဟိန်း | ၂၆ |
| နိဌာရောင် | | |


## ရယ်ခန်း


| | | |
|---|---|---|
| ဖိုးရှင်ဂီး န ဖိုးတောကြောန် | မောန်ခင်အောန် | ၃၅ |

## ဘာသာပ္လန်


| | | |
|---|---|---|
| ငါ့ဝို ငါ့နော်မယ်မှန်လေန ခေါ်ဘာအေး | နောန်းရေအေး | ၃၉ |


## ပြင်/ရှုထောန့်


| | | |
|---|---|---|
| ပ္လန်စဉ်းစားဟို့သင့်ဝို ဖွံ့ဖြိုးရေးကြောန်း | နောန်းနောန် | ၄၅ |
| ချင်းလေဟှာဆင့် ဒွယ်မှတ်သရုပ် | သည်မွန် | ၅၁ |
| လတ္တကာရဲ့ ပကတိဟို လှမ်းကော့ဟီခီမာ ငှတ်ကော့မယ် | နောန်းငှတ်လူ | ၅၈ |


## လူမှုဝလေ့


| | | |
|---|---|---|
| သေမန်းဇာ | မောင်လေးငယ် | ၆၂ |

# ခေရာစာစောင်




ခေရာစာစောင်
နို့တည်ထောင်ဟှယ်
ဒွယ်စာရေးသား
သုတ ရသ
ဖန်တီး တီထွင်
ခေရာကျွန်အောင်
လူများပါဝင်
ရေးသားတွင်အောင်
စတန်ဂွဲ့ဇို့
ဝိုင်းဂွဲ့ဇို့။


■ နောင်ဖွူ။

# နိဖောန် ဒေါင်း

နိဖောန်ဒေါင်း . . . နိဖောန်ဒေါင်း
ဖယ်ဝိုမြှောဟို့ နိဖောန်ဒေါင်း
မဲတူးတူးနု မား
ဒန်ရာမျှားဇ မား
ဆန်ပ္လန်တတ်ဟို့ လား
ရေက္လာဆင်းဟို့ လား။
တတ်ဆင်းဒင်္ကရာ မျှားဒပ်လာ
ဒါးပ္လန် တမ်ရမာ
နန်းလိုဟှာ နန်း
ထန်းလိုဟှာ ထန်း။

မိစု ဖစု
ကန်းကန်းလေ
မိရှင် ဖရှင် အီရော့လာ
နိဖောန်ဒေါင်းဝို ဒိရပါ။။

■ **ဖေလှဦး**



# ဝီးဟှ လွှန်း ပေါ်င် မြင်

ဟို့နေဟှ
မိုးရိလေ မဲနေ
ညှိုးနု ရစ်ဆစ်နေဇာမျိုးလား
မိုးဟှ မိုးနတူဟာမ်း
ကံဂေါ်င်ဟှ တောန်ပြိုကွ္လနေမျိုး
လေပြေဟာ ဝီးရာမာ
မျှစ်ရယ်မိုးလေ စိုနေဘီ။

ဘွခုလုံးဟို ကျော်ဘိုးဘီး
ချစ်သူ့ လတ်ဟို လွှတ်လိုက်ရခီမာ
ရင်ထဲဟှ သံခု
အပ်ကြောန်းထပ်ဟှား။
နောတ် ပွ္လန်လှည့်ကေ့နိုင်ဘဲဟီ လမ်းလျှောတ်
တိတိဟှား ခေရာဖျှောတ်လိုက်ရ။
" စောန့်နေပါ " ဆိုဟီ ဂါးလုံးဟှား
မိုးသံဂြားမာ စစီပျှောတ်ဟှားဘီး
ကွ္ဂာဝီးခုဟာ မှတ်သားခုမျိုး ကျန်ရစ်ခဲ့ဘန်ဘီ။

ငါးမွေ့ ဟိုး . . . ဖတ်
နေရောင်မြဘဲဟီ မိုးလန်း
လေပြေတိုက်ဘဲဟီ နေဒန်
လမန်းဟာ လန်းပေးနေခီ
အိမက်လေ ညဥ့်မှောန်ထဲမာ
လမ်းပျောန့်နေဒူး။

ဟိုးဖတ်ဟာ ကံဂေါင်အောတ်မာ
" နန်လည်း လမန်းဂီးဟို ဖော်ပါဘဲ ကေ့နေမလား " ဆူဟီ
မေးခွန်းဟို လေပြေန ပို့လိုက်လည်း
တိဆိမ္ဘာ့ ပဲ့တင်ထပ်သွား။

နန့်ရင်ထဲမာလည်း
ဂါးပြောနိုင်ဘဲဟီ ဝန်းနည်းမှုလေ
သံထွမ့်နိုင်ဘဲဟီ ငိုကြွေးမှုလေန
ကြွေကွဲနေမလား။

ချစ်သူ . . .
စာသမ်ခန်းထဲ သံလေဂြား
သားဂန်းဟှားလေ ဆူညံသံလေဂြား
လွှန်းစိဟို ဟိုး . . . ငါးဟို ရှစ်သားပို့လိုက်ရဇာ
မတရားရာ ဂ္ဂဟှားမလား။

လုပ်၊ တာဝန်၊ လူမှုကျိုးပြုလေကြားမာ
ရှစ်သား မေ့လိုက်ရဇာ ကိုယ်ကောန်းဆန်ဟယ်ဆူဟိ
နန်ထမ်နေမလား

" ပ္လန်လာမယ် " ဆိုဟီ ဂါးခွန်းဟိုဘဲ့
နောက်ဆုံး လက်ဆောန်ဖြစ်န ပေးရစ်နိုင်ဇာ
ရစ်ဆစ်လွှန်းရာ က္လာနေမလား
မှန်တရားဟှာ ခါးဖြင်းဟယ်ဆိုဟီ ဂါး
နန်သမ်ပေးရစ်ဇာဖြင် နိုင်ပါစေ။

ချစ်သူ • • •
ဒီကာလဟို သစ္စာတရားဟှာ နိုင်ယူဟို့နေ့
မတရားမှုဟို မှန်တရားဟှာ နိုင်ယူဟို့နေ့
နိုင်ငံခြေနေလေဟှာ
ဟယ်နေ့ တီကင်းစင်မယ်နူး မျှော်နေဟို့နေ့နေ့ဆိုဟာ
တီပ္လာပ္လာနေ့မာ နန့်နဒူးဒူ ပျော်ရွှမ်ခွမ့် ရရှင်မိဟယ်။

ရင်ထဲမှာလောဟာ
ပီးဆောင်းသေးဘဲဟီ လွှန်းပေါင်ဖြင်ဟို
ဆောင်းမေ့ဘဲဟီ စာမျှစ်နှာထမ့်မာ
လွှန်းလေနဒူးဒူ သီရင်းန
တိတိဟှား ဆစ်ရေးနေဦးမယ်။

■ **မစန္ဒာ ( ချစ်ခြင်းဖြင့် – ထားဝယ်မြေ )**

# ငါးကောန်ဖြစ်န ငါ

ငါ ခု အယ်နေရာ အယ်အိုးထဲ ယောတ်နေရဇာဟှ
မှုမဲ့မတ်မဲ့ ပ္လုက္လလာဇာလား
မှုဘဲနေဟှာ
ခူ္လလိုက်ဇာလား
တွန်း ္လခံလိုက်ရဇာလား
ခီဒူးဟှ
ရိုးရိုးငါးလေကြား ရွှေငါးဖြစ်ဖူး ငါဟှ
ခုလောဟှာ
သူသူငါငါ ရွှေငါးလေကြား လမ်းမှားရောတ်လောသိဟှ
ရောတ်လတ်စန စွန်းကူ ရူးရဒူဘဲ့နား။

နေဦး နေဦး
ငါဟှ ဟှားလိုရှင်နေနူး
ငါးကောန်ဖြစ်ပီးလော ဟှားလေ မျှော်နေဘန်နူး
ဖြစ်တယ်မှု စဒည်းဟှကို မှားနေဇာပဲ့လဲ။

■ ချမ်းသူ





# ဝဲ

အယ်ဇာပီး အယ်ဇာ
အယ်မူပီး အယ်မူ
အယ်နား အယ်နား
အယ်ပေါင် အယ်ပေါင်
အယ်ဂါး အယ်ဂါး
အယ်လူ အယ်လူ
အယ်မျိုး အယ်မျိုး
ခေတ်မာကြုံ ဖြစ်ပေါင်ဟှာ ဆိုး။

ခါလာဟှာလည်း အယ်ဇာ အယ်ဇာ အယ်ဇာပီး အယ်ဇာ
ဇေထပ် ဇေထပ်။

ခါလာဟှာလည်း အယ်မူ အယ်မူ အယ်မူပီး အယ်မူ
ပီးနိုင် ပယ်နိုင်။

ခါလာဟှာလည်း အယ်နား အယ်နား အယ်နားပီး အယ်နား
ရစ်ဝဲ ရစ်ဝဲ။

ခါလာဟှာလည်း အယ်ပေါင် အယ်ပေါင် အယ်ပေါင် ပီး အယ်ပေါင်
ရှစ်ဒတ် ဝစ်ဒတ်။

ခါလာဟှာလည်း အယ်ဂါး အယ်ဂါး အယ်ဂါးပီး အယ်ဂါး
လွန်ဒတ် ဝန်ဒတ်။

ခါလာဟှာလည်း အယ်လူ အယ်လူ  အယ်လူပီး အယ်လူ
ရှားဒတ် ဂါးဒတ်။

ခါလာဟှာလည်း အယ်မျိုး အယ်မျိုး အယ်မျိုးပီး အယ်မျိုး
ပျင်းဒတ် ခြောတ်ဒတ်။

ခေတ်ဆိုးမား ဖြစ်မျိုးလေဟှ စောင်
အယ်ထိ . . .
အယ်ပေါင် အယ်ပေါင်။

■ **နောန်ငြိး**

# မခဲရား

မခဲရား ပန်မာနား
သစ်ဝမ့်လေဝို
သူကိုက်စား။

မခဲရားမာ
အန်းဂီနီ
နှမ်းဇေ့မဲဟျားစီ။

မခဲရား
စားသောတ်မတ်
အီဝိုပ္လွန်ဝို့
ဒိမကာပ်။

မခဲရားဝို
ပြောဂ့်ကွယ်
အီပ္လွန်ရအောန်ကွယ်။

မခဲရား ပ္လွန် ပ္လွန်
နန့်မိ နန့်ဖ မျှော်နေဟျာယ်။

မခဲရား ပ္လွံ ပ္လွံ
နန့်မိ နန့်ဖ မျှော်နေဟျာယ်။

■ သောင် ( ရှစ်သား ဟွေး )
( ၂၇ ဇန္နဝါရီ ၂၀၂၆ )

မခဲရား ဆိုဇာ သစ်ဝမ့်လေ ပန်းဗွမ့်လေဝို စားဒတ်ဝို အင်းဆက်ပိုးဂေါ်နိဂါး။ တောန်ဖောင်းနီးနီရားမာ မဲဇစ်ရားလေန။ သားဂန်းဟျားလေရလောဂါ မခဲရားဆီဟို့ခေါ်ဒတ်ဟျာယ်။ အန်းဂလိလိုဆိုဂါ ( Lady bug ) ဆီဟို့ ခေါ်ရမယ်နတူဟျာယ်။ သယ်ကောန်ဂါးလေဝို သားဂန်းဟျားလေရ ဖမ်းဗီး မခဲရား ပ္လွန် ပ္လွန်ဆိုဗီး ကာစားတတ်ဇာဝို ဒိရပြောန့် သယ်ကဗျာဝို ရေးလိုက်ပါဟျာယ်။



# မုလတ်သောက်

စီးလတ်သောက်
စစ်လတ်သောက်
ဒွယ်သား ဒွယ်သူ
အာူထဲ သည်းထဲ
အောင်းရယ်န ခွဲမျ
ဒေါ်နိုးချင်းရားဥ
မုဠီရားန
သံဗျာသီး ခပ်
ဂျူသီးစပ်မှ ... ။



■ သေင် ( ရှစ်သား ဖွေး )
( ၁၂ မေလ ၂၀၂၆ )

# ဖ္လွောန်းသားဟား

ဖ္လွောန်းသားဟား
ဖ္လွောန်းသားဟား ဖ္လွောန်းသားဟား
မိုးဦးက္လျမာ သူ့ဟိုဖွား
ဖ္လွောန်းသားဟား အူလည်လည်
ဟောက်နားသယ်နား သူသွားမယ်
သွားမယ်ဆိုလဲ လှည့်မသာ
သူ့ရေအိုင်ဂ ကွဲခေရာ
ရေဟှားစပ်စပ် ခေနားရှပ်ရှပ်
ဖ္လွောန်းသားဟားမာ အူသဲစပ်။

နေပူဒတ်ဟာ ရေနည်းလာ
ဖ္လွောန်းသားဟားမာ လှောက်မသာ
သယ်ကွဲခေရာ အယ်မျှမနတ်
ဖ္လွောန်းသားဟားမာ တွေးမတတ်
ဖ္လွောန်းသားဟားမာ ဝန်းရေးခတ်။



■ မောင်လေးငယ်

# ဂါးပြောလာဟှာယ်

မျစ်လုံးဟှာ ဂါးပြောလာဟာယ်
လည်ဗန်းဟှာ ဖောင်းထိုးလာဟာယ်
ခါးဟှာ စာပို့လာဟာယ်
စာအီဟှာ တောင်းခေါက်လာဟာယ်
သတ်လောင်ဟှာဆိုး ခေါက်ရှာထိုး
ခေဆစ်လတ်ဆစ် ဘောက်ဆိဘောက်ဆာ
ဟို့နာ အယ်နာ
ငါ
ဇရာ
သတ်ဟှာ ဂါးပြောလာဟှာယ်။

ဖိုးသတ်ကီး ဖွားသတ်မ ပေါင်လေ
လိုင်းထမ့်မာ ကေ့လိုက်
ကိုယ့်ကောန်ကိုယ် မျစ်စိထဲမာ ပ္လွန်ပြော် ကေ့လိုက်
ကမ္ဘာကီးဟို ပ္လောန်းရှင်ဒူးဘော့သေးလော်
လူလေဟို ပ္လောန်းရှင်ဒူးဘော့သေးလော်
ကိုယ့်စိကိုယ် ပ္လွန်မေးလိုက်
ငါ
ဇရာ
သတ်ဟှာ ဂါးပြောလာဟှာယ်။



■ နောန်ငြီး

# ရှစ်မဝ

ရှစ်မဝ
ရဲဇားမျစ်နှာ
ကော့ခါခါ
ဝဟာဝဟာ
ကော့ဝဟာ။

ရဲဇားလတ်ဟား
ကိုင်ခါခါ
ဝဟာ ဝဟာ
ကိုင်ဝဟာ။

ရဲဇားပါးဟား
မွှီးခါခါ
ဝဟာ ဝဟာ
မွှီးဝဟာ။

ချီးတွိခီဟား
ဆောင်ခါခါ
ဝဟာ ဝဟာ
တွိ ဝဟာ။



သတ်လောင်းခွဲဘဲ
တူးဒူတွဲ
ဝဟ့ ဝဟ့
ရှစ်ဝဟ့။

■ **သေင် ( ရှစ်သား–ပေွး )**
( ၁၈ ဖေဖော်ဝါရီလ ၂၀၂၆ )

ရဲဇားမျောနဲ့မ ဇောင်တွဲလေတွမ့် ရှစ်ကြောန်း ကြိုက်ကြောန်း လေ ရေးလိုက်ပါဟ့ယ်။ ဇီးလူနွေယောန့်ပို ယောတ်နာ့ယောတ်ခွဲနိုင်ဘဲ အောန် ဖြစ်ဇေပို ကြောန်းဝါးလေ စဦးဇားဖြစ်ရင်းန သယ်ကဗျာ ဟ့ား ထွမ့်လာဘဲ့။

# နှစ်ချောက်




ပွဲ ဆဲ ကွဲ ပ္လဲ မဲ ဆွဲ ခဲ ဖ္လဲ
ဆဲ ကွဲ ပ္လဲ မဲ ဆွဲ ခဲ ဖ္လဲ ပွဲ
ကွဲ ပ္လဲ မဲ ဆွဲ ခဲ ဖ္လဲ ပွဲ ဆဲ
ပ္လဲ မဲ ဆွဲ ခဲဖ္လဲ ပွဲ ဆဲ ကွဲ
မဲ ဆွဲ ခဲ ဖ္လဲ ပွဲ ဆဲ ကွဲ ပ္လဲ
ဆွဲ ခဲ ဖ္လဲ ပွဲ ဆဲ ကွဲ ပ္လဲ မဲ
ခဲ ဖ္လဲ ပွဲ ဆဲ ကွဲ ပ္လဲ မဲ ဆွဲ
ဖ္လဲ ပွဲ ဆဲ ကွဲ ပ္လဲ ပဲဆွဲ ခဲ

■ နောင်ငြိး

# ဒတ်စွာ ဖ္လာ

တောန်ယာခေါက်ဖီး
မ္လေရှင်းမီးတိုက်
ယာထွမ်လိုက်ခီ
မီးလောန်ဖ္လန်မဲ
မီးသွေးခဲပ္လာ
မဲသည်းသည်းန
ပေါ်ထွမ့်လာ။

မိုးဟျားဖ္လန့်လာ
ပ္လာလွမ့် ဖူသေ
မီးလောန်မ္လေမာ
ဖ္လ။ဖ္လ။ပွမ့်လန်း
ဒတ်စွာပန်း န
ဖ္လာပန်းလှလှ
ပေါ်ဆိုးဇော့။



■ **သေင် ( ရှစ်သား–ဟွေး )**
( ၁၀ မတ်လ–၂၀၂၆ )

တောဇာ တောန်ဇာ စားဇာ သောက်စာ လေဝို စားဒတ် ကြိုက်ဒတ် လူလေဆိုဝ်၊ သူ့ခီက္လလာဟျာ ပေါက်လာဒတ်ဝို ဒတ်စွာပန်းလေဝို ဂူးဂ ရှစ်စား ခြော်စား ပ္လုစား တတ်ဂဲ့ဟျာယ်။ သယ်ကဗျာဟျာလည်း တောထဲ တောန်ထဲဟျာ ဒတ်စွာပန်လေ ပေါက် လာဇာဝို ခံဇားဖီး ရေးကေ့လိုက်ပါဟျာယ်။ ရာသီဇာ သဘာဝ ပန်လေ စားနိုင်ဂဲ့ ဘာဇော။



# သွားကေ့စားဖူးဟို ဖကီးပန်းပွင့် ပွဲ

■ နောန်ပြည့်ဝ

ဒွယ်မာ လူရှင်တော် ပန်းပွင့်ဆိုဟှာ သားဂန်း၊ လူဂီး ဂူလောင်းသိသိခဲ။ ခုလော ဟှာ သတ်ကြီးဟှားဘီဆိုလော ဖိုးသတ်ကီးဖြစ်ဟှားဘီဗှဲန။

ကျွန်တော့်မျက်စိထဲမှာလောဟှာ ဖကီးပန်းပွင့်ဆိုဟိ ပြောလိုက်န သူ့မျစ်နှာဟို ပြင်ဖို့၊ ခမ်းနီတကွမ်း ရဲဒတ်နေအောန် ဆိုးပီးလောဟှာ မီးမဖီ၊ မီးမအန်းဂီဝတ် ပီး " ဝန်းရှင်မ " မျိုး သရုပ်ဆောန်ဇာ ပွေ့းပွေ့းဖြင်ဗှဲ။

ငယ်းငယ်ဒူးဟ ကေ့ဇားရဟိုပွဲမာ အဲမူ ဝန်းရှင်မဟာသ ရရာဒိုင်း ရယ်ရဇာကိုး။ ပွဲ ကြိုက်တတ်ဘဲဟို ဖဖကို ဖကီးပန်း ပွင့်ပါဟယ်ဆို ဟာသပီးမှ အီပွန်လာဗှဲ။

ဖကီးပန်းပွင့် ပွဲပြနေ့ဆို ရေစောစောခွိုး၊ သစ်ဗျစ်လူးပီးလော ညှဉ်ခုန်းဇာဆို

သူမျှားဒေထပ် ဦးအောန် ပွဲရှေ့ရော့နေကမျှားဟ့ယ်။ ဖကီးပန်းပွင့် ဟယ်မျှလော့ နောန်မယ်ကီးဇာ၊ ရယ်ခမ်းတတ်ဇာဒေဟ့လော် ရဒိုင်း ပြောနေနို့ဘီလဲ။ လူတိုင်းသိ နေပဲကိုး။ အခုပြောဇားရှင်က ဖိုးသတ်ကီးဖြစ်မှ ပွန်ကေ့ဇားရဟို ဖကီးပန်းပွင့် ပွဲ ကြောန်း ဖောတ်သည်ခွ္လရှင်ဇာ။

နောန်းနော်ဒေ၊ မယ်းမယ်ဒေ သိတိုင်းဗ့ဲ။ ကျွန်တော်ဟ့ားတို့ ထားဝယ်မှာ ကိုဗစ် ခေတ် ၂၀၂၀ တည်းဟ ပွဲကေ့ရဟမ်းမူဟလော်။ လူတိုင်း ပွဲငတ်နေကေ့ဗ့ဲန။ ရေငတ်နေခီ ရေတွမ်းထဲက္လဆိုမျိုးပဲ ပွဲကေ့ဇားရပဲဟို လေးငါး၊ ခြောတ်နှစ် ကြာဟ့ား ဗီဆိုလော်ဂါ ၂၀၂၆ ရောတ်ဆိုန ဖကီးပန်းပွင့်ပွဲ ဂါနားမှာလာကဗ့ဲ။ ဂါထဲမှာလူလေ ရရာဒိုင်းဖြစ်ဘီဗ့ဲ။ ပန်းပွင့်ပွဲ၊ ပန်းပွင့်ပွဲဆိုပီးလောဟ့ာလှဲ။

အဲထဲမှာ ကျွန်တော်လည်းပါဗ့ဲန။

အယ်ထိ ခတ်က ပွဲဟ့ာပဲ သွားကေ့ဇားရှင်နေဟ့ယ်၊ သွားကေ့ဇားလည်း မရဲဟ့။ ဖြစ်နေရကလှဲ။ ဟယ်ဖြစ်ဂျောန့်နူး သိပဲလော်။ လေယာဉ်ပျံန ဗောင်းလာကြဲဂြောန့်ဟိ။ ပွဲဟ့လဲသွားရှင်ကြောတ် ဟ့လဲ ကြောတ် ဆိုမျိုးပဲန။



ဦးဆောင်းနေ့လောဟ့ာ ကြောတ်ကြောတ်ဟ့ားန သွားကေ့ဇားဖြစ်ဟမ်း။ ဦး ဆောင်းနေ့ သူမျှားဒေ သွားကေ့ဇားနေဗ့ဲ ဟ့ာလဲဖြစ်ဟ့ဆိုလော် နောတ်နေ့ ဆိုန နေဟိမြဟမ်း။ မိုက်က္လန ပွဲထဲရောက်ဟ့ားပဲ။

မိဝေး . . . ပွဲခမ်းထဲရောတ်န အံ့သြဟ့ားလေ့ဟ့ယ်။ မိခံဗျားဝေး လူဒေ နဲနဲနောနောမူဟ့မား။ ပွဲဆေးတန်းဟ့လဲ ပွဲ စင် ပတ်ပတ်လည် ပွ္လည့် ဒတ်ဘီဘဲ့။ ပွဲဆေးတန်း လျှောန့်ပတ်ကေ့ခီမာ အယ်မာဝိ ထားမိဇာဟ့ ယိုးဒယား သားလောင်း ကန်ဆိုင်ခဲမျှားနေဇာဟို တွ္ဖ့ရဟ့ယ်။ မုရောန်း မှာဆယ်ယော့မှာ ယိုးဒယားသားလောင်း ရောန်းမားခဲကို ခြောတ်ယောတ်လောတ်

ရှိမယ်ဆီဟိ ထန်ဟှာယ်။ ကျွန်တော်လောဟှာ ရင့်ရင်ထဲဟှ သယ်မူစားဇားဒေ မစား ဟှာဆိုလော ခုဟို ဟာယ်မျှမှန်းလဲ မေးမိဟှ။ သူများဒေဟှလော် ကြိုက်ကေ့ဇမှတ်ဟှ ယ်။ ဝယ်ဇားမားပေါ်ဂေ့ဇ။

ပွဲဆေးတန်းလျှောတ်လိုက်ကေ့ရင်းန ပွဲစင်ဟို မှတ်တမဲ့ကေ့လိုက်ဆိုန ပွဲထွမ့်နေ ဘီ။ ပေါင်မှန်တိုင်းဆို ညဉ့်၉ နာရီလောတ်မှ ပွဲထွက်ဇာပဲ ဖြင်ဖူးဟှာယ်။ အခုဟှ ညဉ့် ၇ နာရီပဲရှိသေးဟှာယ် ပွဲစနေဘီ။ ခေတ်ကာလနေထားဟှ ကွီးလန့်စာစားဆိုလော ဟှာ စောစောက၊ စောစောပီး လုပ်နေရဇာဟို။

ပွဲစင်ကလည်း အရင်လေးငါးနှစ်ဒူး ဟှာန ဇေ့လဲတူဟာမ်း။ ငယ်းငယ်ဟှားပဲ။ ဗုံဒေ၊ ဆိုင်းဒေလောပါဟှာယ်။ ဂီတာ၊ ဒ ရမ် ခေတ်ပေါ်တူရိယာဒေလောပါဟာမ်း။ အဲမူစား ကီးဘုတ်လောင်းမဲ့ပါဇာ တွဲရ ဟှာယ်။ ပွဲဖွဲ့မာလည်း လူစောင်တတ်စောင် မှေ့ဟှ။ ကျွန်တော်ဟှားတို့ ဂါမာလော် ဟှာ သယ်မျိုး ကီရိယာတန်ဆာပလာ စောင်ဘဲပွဲမျိုးဟို ပွဲခြမ်းဟှားဆီဟိခေါ် ဟှာယ်။ ပစ္စည်းပစ္စယ ဝပ်ပဲ့ပါပီး၊ ပါလာ ဇာန ကောန်းဆောင်းဖြစ်အွန် ဖျော်ဖြေ ဟို ပွဲဘဲ့န။

**ကျွန်တော်ဟှားတို့ ဂါမာလော်ဟှာ သယ်မျိုး ကီရိယာတန်ဆာပလာ စောင်ဘဲပွဲမျိုးဟို ပွဲခြမ်းဟှားဆီဟိ ခေါ်ဟှာယ်။**

လျှပ်စစ်မီးကလည်း မှိတုတ်တုတ်ပဲ။ ကျွန်တော်တို့ ဂါနားမှာဟှ ၂၄ နာရီ လျှပ်စစ် မီး ပြတ်နေဇာ နဲကြာဟှားဘီ။ လူဒေဟှ ဆိုလာဒေ၊ မီးစစ်ဒေဟိုပဲ အားကိုးနေရဇာ။ သယ်လောဟှာ ပွဲမှာလည်း မီး မှိတုတ်မှိတုတ်ဖြစ်နေဒူပဲန။

ကျွန်တော်ဟှလော် ဖကီးပန်းပွင့် ပါဟှာယ်ဆိုဟိ လာကေ့ဇား သတ်သတ်မျှပဲ။ သူပြောဟို ဟာသပျစ်လောင်းဒေ နားထောန်မယ်၊ ရယ်မယ်။ သယ်မျှပဲ ကေ့ရှင်

ဇာ။ ငယ်းငယ်ဒူးဟာမျိုး၊ လူငယ်ဒူးဟာမျိုး စတိတ်ရှိုးဒေလည်း ကေ့ရှင်စိမ့်ဟာမ်းမား။

ကျွန်တော့်မြားဟာလော ပွဲ ကြိုက်မှကြိုက်။ ပွဲချိုး။ ပွဲဆေးတန်းမာ ဝယ်ဇာရှိဇာ ဝယ်ပီးန ပွဲလယ်တည့်တည့်မှာ ဝမ်ထိုင်ပီး ကေ့ရှင်ဟာယ်ဇေလှဲ့။ ကျွန်တော်ဟာစိတ္တ ဘဲကြောန့် စိအေးလက်အေး ထိုင်ပီးကေ့ခိုင်းရှင်ဟာ။ ခီမရွေး ပွဲလန့်ပီး လူဒေထ ပြေးဇာဟို မိထားနေရဟာယ်။ လူဒေဟ ပွဲရှေ့မာဂါထိုင်နေဂေ့ဟာယ် မျက်စိက ပွဲ ကေ့လိုက်၊ ကံဂေါင်ဟို မော့်ကေ့လိုက် ဖြစ်နေကေ့ဇာ။ လေယာဉ်ပျံလာပါမ္လော ဆီ ဟဲ ကြောတ်နေကေ့ကိုး။

ဟို့ထတ်ဖက်( မြန်မာပြည်အထက်ဖက် ) မှာ လူဒေ စုစု စုစုနဖြစ်နေခီဆို လေယာဉ်နဗုံးလာကြဲဟဲ သေဂေ့လူဒေ နဲမျာ်းဟာယ်ဆိုဗန်မား။ သယ်မျိုးပြောနေဂေ့ လောဟာ ဟာယ်ရာဖြစ်ဖြစ် မိထားနေရပ့ဲန။

ဟိုတွေး၊ အယ်တွေး၊ ဟို့ငေး အယ်ငေး တွေးငေးဟဲ ကောန်းနေခီမှာပဲ ရိကပွဲ ခမ်းထဲဟာ ဝေါခနဲ ရယ်သံလေ ဟီးဒတ်နေအောန်ထွက်လာဘဲ့။ စိထဲဟာထန်လိုက် တိုင်းမဲ့။ သယ်မျိုးရယ်သံဆို ဖကီးပန်းပွင့်မဲ့ဆိုဇာ။

ပါးရေးနားရေတွန့်ဘီး ဖျတ်ဖျတ်လတ်လတ် မှုဟာမ်းဘဲ ဇာဟလွှဲဘီး ရောက်ဟာ လော သယ်ရောက်မဲ့။ လောင်းဝ ပ္လောန်းဟာ။ " လူမြင်န ရယ်ရှင်ပါစေ " ဆုန ပ္လည့် နေတာလည်း ရင်ဒူးဟာတိုင်းပဲ။

ဖကီးပန်းပွင့်ဟာ သူးန္ဒိခေတ်ဟာ ချင်းဂီးလေးဆိုဇာမျာ်းဟာယ်။ သူဆိုချင်းနပတ် သတ်ပီးလည်း မဆိုခမ်မာ စိရှည်လတ်ရှယ်န စီကာပတ်ကောင်းရှင်းပြနေကို ၅ မိနစ်လောတ်ကြာဟာယ်။ ပီးမှ ဆိုဇာ။ အဲမူ ချင်းဂီးဗုဒ်ဆိုဘီးန ဟို့ဇာ အယ်ဇာ ပျစ် လုံးဟာ်းဒေ နဲနဲပြောပြီးန ပ္လန်ဝမ်သွားလေ့ပဲ။

ခါလေခါဆိုလည်း သူ့ကျန်းမာရေးခြေနေလေ ပြောဇားတတ်ဟာယ်။ ကားတိုက် ဟဲ ခါးနာဟာ်းဇာဒေ၊ ယိုးဒယားမာ ဆေးကုရဇာဒေ။ ဖိုးသတ်ကီးဖြစ်ဟာ်းဂျော့ ပွဲ လိုက်နိုင်ဟာမ်းပဲဇာဒေ။ ပွဲဒေ ခေတ်ပျစ်ဖြစ်နေဇာဒေလည်း ဖော့သယ်ခ္လလေ့ရှိဟာယ်။

ချင်းပုဒ်ဆိုပီးန နေ့ထပ်ပ္လန်ထွမ့်လာသေးလား စောန့်နေရင်းန ညဉ့် ၁၁ နာဂီ အထိ ထွက်လာဟာမ်းဆိုလောဟာ ကျွန်တော်လည်း အီပ္လွန်ဟို့လုပ်နေခီမှာပဲ ပွဲလန့်ဗုဲ့။

ဖြစ်ပုံဟာ ဟယ်မျိုးနူးဆိုလော်ဟှာ စစ်တပ်ဟာ မ္လောတ်န ပစ်လိုက်ဟှာယ်ဆိုပီး ဒန်းရဇာ။ ပစ်ကလောဟာ ကောန်းပဲ ပစ်ဇာပဲ။ အယ်ပေမဲ့ မ္လောတ်ဆံက္လာနေရာဟာ ပွဲက နေဟီ နေးရာန နဲဝီးသေးဟှာယ်။ လူဒေဟာ ဟယ်ရာမှန်း သေသေချာချာ မသိဘဲ လောဟှာ ကြောတ်ပီး သူ့ဦးငါရင် တိုးပီးပြေးကေ့ပဲန။ ငယ်းငယ်ဒူးဟှာ က္လောန်းမာ သမ်ဖူးဟို ဥသျှစ်သီးက္လာသံကြားဇာဟို မြေပ္လိုဟှာယ်ဆီထန်ပီးပ္လေးဟို ယောင်ပေါင် ပြင်ဟို သွားမိရဟှားလေ့ဟှာယ်။

ခါဇာခါလည်း အယ်မျိုးပဲ။ လေယာဉ်ပျံလာနေဟှာယ်ဆိုပြီး ပွဲကေ့ဇားနေရင်းဟှာ ထပ္လေးဂေ့ရသေးဟှာယ်။ လေယာဉ်ဟှာ ခရီးသည်လေယာဉ်ဖြစ်နေဇာ နောတ်မှသိ ဂေ့ဟှာယ်။ ကျွန်တော်လောဟှာ သယ်မူပွဲလန့်န အီပ္လွန်လာလေ့ဘဲ။ ပွဲဟှာလော ပျစ်ဟှာ။ အဲညဉ့်ဟာ ညဉ့်ခြစ်ထိုးမှ ပီးဟှာယ်ဆီကြားရဟှာယ်။

ပွဲသွားကေ့ဇားခီဒိုင်း မြဲတမ်းဘဲ့ ပွဲလန့်နေဇာနတိုးနေလော်ဟှာ ခါလဲ ဖကီးပန်းပွင့် ဟာသ ထွမ့်ခီထိ ပီးအောင်မကေ့ရပဲဇာ နဲစိတိုတိုဟီး။

နောတ်လလောတ်ကြာန ခြေနေရ ကျွန်တော်ဟှားတို့ နားမှာ ပွဲဒေဟို ပိလိုက်လောဟှာ ဖကီးပန်းပွင့်ဟို ကျွန်တော် ထပ်မတွိရဟာမ်း။ စိလတ်ပေါ့ပေါ့ပါးပါးန ဖကီးပန်းပွင့်ဟာသဒေ နားထောန်ရမယ်မှန်းလည်း သိဟာမ်းဘဲ့န။ သယ်မူနဘဲ့ ဖကီးပန်းပွင့်န ကျွန်တော့်ဇာတ်လမ်း ခန်းရပ်ဟှားလေ့ဘဲနခံဗျား။

■ ■ ■ ■



# မှုလတ်သောက်ဆိုင်ရှေ့က စစ်ပွဲ နိဒါန်းရောင်

■ ချွန်ဟိန်း

မှတ်ဉာဏ်ဂယ် သစ္စာဖောက်တတ်ဟှယ်။ အယ်ပေမဲ့လည်း လူသားလေမာဂယ် မေ့ဟိမျှာဘဲဟို မှတ်ဉာဏ်လေ ရှိနေဒူးဝှ့်။

ကျနော့်မာလည်း ရှိဟှယ်။

မေ့ဟိမျှာဘဲဟို ညဥ့်ညဥ့် ကျနော့်ဘဝမာ ရှိဟှယ်။

စစ်ပွဲရဲ့ အနိဒါရုံဆိုဇာဟို ဘွမှာ ပထမဆောင်း လတ်တွိမြင်လိုက်ရဟို ညဥ့်။

လောကခမ္မရဲ့ ရစ်ဆစ်ဒတ်ပေါ်င်ဟှလော ကျနော်ဂယ် အဲမူညဥ့်ဟို ထားဝယ်မှ လတ်သောက်ဆိုင် ဆိုင်နု တွဲပြီး မြင်နေရဇာဝှ့်။

။ ။ ။

၂၀၂၅ ဂယ် ကျနေ့်တွမ့် သမိုင်းဝမ်သက္ကရာဇ်။ သယ်ခုနှစ်မာ ကျနေ့်ဘဝရဲ့ ပထမဆောင်း မုလပ်သောက်ဟို့ ကိုယ်တိုင်လောက်စားဖူးဟှာယ်။ နတ်လူသာမု ခေါ် ဝဲနလည်း ကိုယ့်ဇာကိုယ်လော ကျေနပ်ဇမ့်။

မုလတ်သောက်။

ကျနေ့်ပုဂ္ဂလိက ခံယူချစ်အရ ကျနေ့်တွမ့် မျိုးသားစားစာဂယ် မုလတ်သောက်။ ဗမာပြည်မာ နေ့်မယ်ကီးဘဲန အရသာထူးခြားဆွဲငင်တတ်ဟို့ အဂ္ဂမဟာ စူပါစား စာဂယ် မုလတ်သောက်။ အီနဝီးနေဟို့ ထားဝယ်သားတိုင်း ငတ်ဟို့ စားစာ ဖြစ်တော် မူသော မဟာမုလတ်သောက်။ ထားဝယ်ယောတ်နေန လူဖြစ်လာရဟို့ ဘဝမှာ ကျ နေ့် ထားဝယ်မုလတ်သောက်ဟို့ ကြိုက်ဇာ မဆန်းဟှာ။

ဆန်းဇာဟှာ ရှားဇာနူးဆိုဟှာ ကျနေ့်ဂယ် ကိုယ့်ကောန်ကိုယ် မုလတ်သောက် ကြိုက်မှန်း မုလတ်သောက်န ဝီးဟို့ နေရာဟို့ ရောတ်မှဝဲ့ သိလာရဇာဝဲ့။ ဝမ်းနည်း ဇာတတ်ဂ ရှားဇာနူးဆိုဟှာ ကျနေ့်ဘဝမှာ ကျနေ့် ရှစ်မြတ်နိုးတန်ဖိုးထားဟို့ မု လတ်သောက်ဟို ကျနေ့် ရတိုင်းမူးဟို့ စစ်ပွဲရဲ့ ပထမဆုံး နိဋ္ဌာရောင်မြင်ကွမ်းန တွဲ ဝီး မှတ်မိနေရဇာဝဲ့။

ကိုယ် ရှစ်ရဇာန ကိုယ် မူးရဇာ။ သယ်မူဇာနေ့ခု ပေါ်န်းသင်းပွဲဖတ်နေဇာဟို့ မြင်ရမယ်ဆိုဂါ ဟယ်သူဟှာ စိချမ်းသာမယ်နူး။

။ ။ ။

ရန်ဂေါ်င်စီးပွားရေးတစ်ကသိုလ်။

ဆယ်တန်းအောန်ဝီးခီမှာ ကျနေ့် ကျောန်းသွားတတ်ဟို့ နေရာ။ ပညာရေးစနစ် လော့ဝမ်နေဟို သယ်နိုင်ငံမှာ တစ်ကသိုလ်ဟှာ ကျနေ့်ဟှားလေဟို့ ရှားလဲ သန်ပေး လိုက်ဟှာ။

အယ်ပေမဲ့ ကျနေ့်တို့ကောန် ကျနေ့်တို့ ပိုမြင်တတ်အောန်လော တစ်ကသိုလ်

ကျောင်းသားဘဝဟာ လောက်ပေးလိုက်ဟုယ်။ ကျနော့်ဘဝမှာ ဖြစ်တွယ်နေဟို ပေါင်မြင်လေဟို တစ်ကသိုလ်ကျောင်းသားဘဝဟာ ဆွဲနူလိုက်ဟုယ်။ ကျနော့်ကောန်ကျနော် မုလတ်သောက် ကြိုက်မှန်း တစ်ကသိုလ်ကျောသားဘဝမာ သိလာဟုယ်။

ရန်ဂေါင်ရောဝ်ီး မိုးလန်းစာ ရန်ဂေါင်မုဟာမ်းခါးလေ ဖြာလေညာလေ မဖြစ်မနေစားရမ့ဝ့်ဲ ကိုယ့်အီကိုယ့်ဒေသဟာ မုလတ်သောက်ဂယ် ဟာယ်မျှစားကောန်းမှန်း သိလိုက်ရဟုယ်။ မုလတ်သောက်စားရခဲဟို့ ရန်ဂေါင်မှာ ခါလေခါဆိုဂါ ဆူးလေဘုရားရှေ့သွားဝ်ီး သေမိသတ် အော်ဒန်ပစ်ရှင်ဟုယ်။

" ငါ့သွီးဟာ မုလတ်သောက် ဆာနေဝ်ီ ဝေး . . . . . "

။ ။ ။

လူ့ငယ်ဘဝရဲ့ ကောန်းဆောင်းရွယ် ၊ နှလောင်းသားမှာ သွီးထွမ့်ဆောင်းကာလလေ . . . ။

ကိုဗစ်န စစ်ပွဲ။ ဒုဗ္ဘိက္ခန္တရကပ်န ရောဂန္တရကပ်။ ကပ်နှေပါး ပါးနပါး ပါးမွီးဟို့ခေတ်။ သယ်မူကာလလေဟာ ကျနော်တို့ ရှစ်ရဇာလေဟို့ ကျနော်ဟားတို့ ဘဝလေထဲဟုနေ ဆွဲနူပစ်ဆောန်ဟားဟုယ်။ ကိုယ် သံယောဇဉ်တွယ်ရဟို့ တစ်ကသိုလ်ဟို့ ကိုယ်ကိုယ်တိုင် လိုတူ လိုပါ ကျောခိုင်းလိုက်ရဟုယ်။ နို့ပြတ်သေးဝဲန နို့ဖြတ်ခံလိုက်ရဟို့ သားဂန်းဟားလေဆိုဇာဂယ် ကျနော်ဟားလေဝ့်နား။

လူ့ငယ်ဘဝရဲ့
ကောန်းဆောင်းရွယ် ၊
နှလောင်းသားမှာ
သွီးထွမ့်ဆောင်း
ကာလလေ . . . ။
ကိုဗစ်န စစ်ပွဲ။
ဒုဗ္ဘိက္ခန္တရကပ်န
ရောဂန္တရကပ်။ ကပ်နှေပါး
ပါးနပါး ပါးမွီးဟို့ခေတ်။

သယ်မျိုးကာလထဲမာဘဲ့ ကျနော့်

ဘဝမှာ ကြိုက်ဆောင်းမုလပ်သောက်ဆိုင်ဟှ့ သွားတွိမိဟှာယ်။

ထား၀ယ် – ရှင်မော် ကားလမ်းဘေး နေရာ . . .။

နာမဝိသေသနရွေခုဟှာ ကျနော့်ရင်ဖတ်ဟှ့ ပြိုင်တညီး ဝမ်တိုက်ဆောန်ဟှားဟှ့ နေရာ။

" " "

၂၀၀၉ ခုနှစ် ၊ ဒီဇင်ဘာလ ၁၀ ရစ်နေ့မှာ ရိုးဗ္ဗလွန်ဂွန်န လူယော့ဟှာ ကမ္ဘာဟှီးဟှ့ သယ်မူ ဂါးခွန်း ပြောရစ်ဟှာယ်။

"Evil does exist in the world. A non-violent movement could not have halted Hitler's armies. Negotiations cannot convince al Qaeda's leaders to lay down their arms."

" ကမ္ဘာမှာ ဆိုးယောက်မှုဆိုဇာ တဂယ်ရှိဟှာယ်၊ ကြမ်းမဖတ် လှုပ်ရှားမှုခုဟှာ ဟာစ်တလာဇာ စစ်တပ်လေဟှိ ဟန့်တားနိုင်ဟှ့ မှုဟှာ။ အယ်လ်ကိုင်းဒါး ခေါင်းဆောန်လေ လက်နှတ်ချခွအောန် တွိဆောင်ဆွေးနွေးမှုလေဟှာ စည်းရောင်းနားချနိုင်ဟှ "

အယ်မူဂါးဟှ့ ပြောရစ်ဟှ့လူဟှာလော အဲမူခီတူး၀ အမေရိကန်သမ္မတ အိုဘားမား။ ၂၀၁၂ မှာ ဗမာပြည်လာပြီးဆိုဂါ ဒေါ်အောင်ဆန်းစုကြည်ဟှ့ ပါးလာမွီးဆောန်ဟှားသေးဟှာယ်။ သယ်လူဂီး လွယ်လော လွယ်ဟှာ။

၂၀၂၁ စစ်အာဏာသိမ်းမှုဟှ့ မြန်မာပြည်သူလေ ရှားဖြစ်ကြော့ဟှိ လက်နှတ်စွဲကိုင် တော်လှန်ဂေ့နူးဆိုဇာရဲ့ အဖြေဂယ် အိုဘားမား ဂါးထဲမှာ ထန်းခန် ပေါ်နေဟှာယ်။ ကမ္ဘာမှာ ကြာဆောင်း ပြည်တွင်းစစ်ဟှီးရဲ့ မွီးရပ်မွေ့ ဗမာပြည်ဟှ့ စစ်ပွဲရဲ့ မကောန်းဆိုးဂါးလက်သည်းလေဟှာ သွီးစီးရှင်ရှင် ပန်းထွမ်အော် ဇော့လဲနားဘဲ ကောက်ဖွဲ့ခတ်ဖွဲ့။

ရှေ့တောန်အာရှဟှ ဖျှားစေတီပေါ်မျှားဟှို နိုင်ငံခုဂယ် ပရိဒေဝစစ်ရောင်ဟှီး ဖြစ်လာလေ့ဟှယ်။ ရယ်နေဟှို လူလေ မျစ်နှာလေမှာဂိုဝဲ ပျော်ရွှင်မှုဟှို ရှာတွှိဟှို့ ခတ်ခဲဟှားဟှယ်။ လူလေရဲ့အမြင်အာရောင်ထဲဟှို တိုးဝမ်ဆောန်ဝါးဟှိုဇာလေဂယ် စစ်ပွဲရဲ့အနိဌာရောင်လေဝှဲ့။ စစ်ပွဲဆိုဇာဟှို ဒန်းစာ စာမျစ်နှာထပ်မှာဝှဲ့ ပြင်ဖှူးဟှို လူလေဂယ် စစ်ပွဲရဲ့ အနိဌာရောင်ဟှို လူမျစ်နှာလေန တွဲပြင်လာလေ့ဟှယ်။ ကျနော် လည်း သယ်နိုင်ငံဟှဟှို လူငယ်ယောတ်ဝှဲ့။

ကျနော့်ရဲ့ ပြင်အာရောင်ထဲဟှို စစ်ပွဲရဲ့ အနိဌာရောင် ပထမဆုံး တိုးဝမ်လာဟှို ညဉ့်ဟှို ကျနော် ကောန်းကောန်း မှတ်မိနေဟှယ်။

မုလတ်သောက်ဆိုင်ရှေ့ဟှ လူသေလောန်း။

။ ။ ။

မိ ခမ်ဗျား . . .။

နဲကောန်းကောန်းဝီး သယ်မုလတ်သောက်။

တော်လှန်ရေးအစပိုင်း အင်တာနက်ဖြတ်ခံထားရခီ ကျနော် ကိုယ်တိုင်ဦးစီးထုဝီ ဟှို The Revolution စာစဉ်ဟှို ဝါလေမှာ လိုက်ဖြန့်ဝီး ဝပ်ကျင်းဟှို ပွှန်လာ ဟှိုခီလေမှာ ရဲဘော်ယောတ်န အဲမှုမုလတ်သောက်ဆိုင်မှာ ဝမ်စားဖြစ်တယ်။ သယ် ဆိုင်ဟှ မုလတ်သောက်ဂယ် ကျနော့်ဘဝမှာ စားဖူးမျှ မုလတ်သောက်လေထဲမှာ ကောန်းဆောင်းဝှဲ့ဆိုဇာ ကျနော် သိလိုက်ဟှယ်။ အယ်ပေမဲ့ ' ကောန်းဆောင်းမု လတ်သောက် ' ဆို နာမဝိသေသန န နောတ်ထပ်ကြောန့်မိလန့်ဖယ် နာမဝိသေသန ခု အယ်ဆိုင်န တွဲဝီး မှတ်မိနေရဟှမယ်ဆိုဇာဟှိုလော အဲခီတူးဝ ကျနော် သိသေး ဟှ။

မုလတ်သောက်ဆိုင်ရှင် မီးမဂီးဂယ် တော်တော်အေးဆေး ဘောကောန်းဟှိုဆို ဇာဟှိုလော အဲခီတူးတည်းဟှကို ကျနော့်စိတ်ထဲမာ ခံစားမိဟှယ်။ မျစ်နှာရော ကောန် လေလတ်လေမှာရော နှပ်ခါးလူးပီးဆိုဝါ မုလတ်သောက်ရောန်းနေဟှို အဲမှု မီးမဂီး

ရဲ့ ပေါင်ပန်းသဏ္ဍာန်ဟို့ ကျနော့်မျိုးစိထဲမှာ အခုထိ မြင်နေတူးဝဲ့။ ကျနော့်ဇာ သယ် မှတ်ဉာဏ်လေဂယ် ကျနော့်ဟို့ သစ္စာဖော့သေးဟာဆီဟိ ကျနော် ယောင်ကြည့်ဟာယ်။

။ ။ ။

> မျိုးနှာရော
> ကောန်လေလတ်လေမှာရော
> နှပ်ခါးလူးပြီးဆိုဝ်ါ
> မလတ်သောက်ရောန်းနေဟို့
> အဲမူ မီးမဂီးရဲ့
> ပေါင်ပန်းသဏ္ဍာန်ဟို့
> ကျနော့်မျိုးစိထဲမှာ
> အခုထိ မြင်နေတူးဝဲ့။

၂၀၂၂ နှစ်လယ်ပိုင်း လောန်းလောင်း ကျွန်းဆွယ်။

ဗမာဖက်ဆစ်စစ်တပ်ဟာ ' သန်းဂေါ်ယံလူသတ်ပွဲ ' ဆီဟိ နော်မယ်ပေး ရလော့ဟို့ ဗျူဟာဟို့ ကျင့်သောင်းနေဟို့ ကာလ။ ညဉ့် ၁၂ နာရီလော့ဆိုဝ်ါ လောန်းလောင်းမြို့မ ရဲစခန်းထဲဟာနေ ကားလေနု စစ်သားလေ ပျူစောထီးလေ ဝ်ါလေဖက်ဟို့ ဆင်းပြီးဆိုဝ်ါ တော်လှန်ရေးထောက်ခံအားပေးဟို့ ပြည်သူလေဟို့ လက်နောက်ပြန် ကြိုးတောက်ပြီးဆိုဝ်ါ သေနတ်နု ပစ်သတ်နေဟို့ ကာလ။

၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၆ ရစ်နေ့၊ ညသန်းဂေါ်ယံ။

လောန်းလောင်းကျွန်းဆွယ်ထဲဟာ ဝ်ါဝ်ါမှာ သေနတ်သံလေ ထွမ့်လာဟာယ်။ ဖက်ဆစ်စစ်သားလေနု ပျူစောထီးလေ ကျနော်ကြိုက်ဆောင်း မုလတ်သောက်ဆိုင်နအီဟို့ ဝမ်စီးဟာယ်စီ ဒန်းဝမ်လာဟာယ်။ အီမှာ လူယောက်ဟို့ ပစ်သတ်ပြီးဆိုဝ်ါ နွီးလေ လောန်းလောင်းဟို့ ပြွန်တတ်ဟားဟာယ်ဆီ ကြားလိုက်ရဟာယ်။ ကျနော်ဟားတို့ ရှိနေဟိုဝ်ါန အဲမူဝ်ါကြား ကားလမ်းမှာ စစ်သားလေ ကမ်းဘူးဝပ်နေတူးဝဲ့ဆိုမျိုးလည်း ကြားရဟာယ်။

အယ်ပေမဲ့ အဲမူအီဟ့ို ချစ်ချင်းတက်မယ်ဆီဟ် ကျနေ့ဉ်ရဲဘော်ယောက်ဟ့ို ကျနေဉ် ခေါ်ဟှယ်။ ကျန်ရဲဘော်နှစ်ယောက်ပါ ခါတည်း လိုက်လာဟှယ်။ လူလေးယောက်၊ ဆိုင်ကယ်နှေစင်းန မုလတ်သောက်ဆိုင်ရှိဟ့ို အီဟ့ို ညဉ့်ဒွမ်းချင်း သွားဟှယ်။

ဟယ်သူပစ်သတ်ခံရမှန်း သိသေးဟှ။ ပစ်သတ်ခံရလူ မသေသေးဘဲနေဆိုဂါ ခု ခု ကူညီပေးနိုင်မလောဆိုဟ် မျှော်လင့်ချစ်န ကျနေဉ်ဟှားတို့ ရင်တထိထိန သွားလေ့ ဇာ အဲမူအီရှေ့ဟ့ို ရော့ဟှားဟှယ်။

" ကမ္ဘာမှာ အန္တရာယ်များဆောင်း နေရာဟှ အိရာဝ့် ၊ လူတော်တော်များများ ဟှ အိရာထဲမှဝ့် သေဂေ့ဟှယ် "

ကမ္ဘာကျော် စာရေးဆရာ မာ့ခ်တွိုင်းဟှ ပြောဖူးဟှယ်။ နောန်ဂီးမာ့ခ်တွိုင်းလည်း မြဲတမ်းလော မှန်နိုင်ဟှလဲကွယ်။

။ ။ ။

အဲအီရှေ့မှာ ကျနေဉ်ဟှားတို့ ဆိုင်ကယ် ရပ်လိုက်ခီမှာ ဂါဂါလောင်း တိဆိနေဟှယ်။ အဲအီရှေ့ဟှ ရှင်မော် – ထားဝယ် ကားလမ်းဂယ် အဲမူညဉ့်မှာ ရှားသံလဲ ထွမ့်ဘဲန တိဆိနေဟှယ်။ မွန်ဒိုင်း တိုက်ဝီးခီမှာ တိဆိမူဟ့ို အစွမ်းကူ ဖွမ့်ထုပစ်ထားဟ့ိုမျိုးဘက်။

ကျနေဉ်ရဲဘော် သောင်းယောက် အဲမူအီထဲဟ့ို ဝမ်ဆော်ဂါးခီထိ ကျနေဉ်မှာဟှ ဆိုင်ကယ် ဒေါက်ထောက်နေဇာ ပီးသေးဟှ။ အဲအီထဲဟှနေ ကျနေဉ် ရဲဘော်သောင်း ယောက် မျစ်စိပျစ် မျစ်နှာပျစ်န ပြန်လိုပြန် ပွန်ထွမ့်လာဟှယ်။ အီရှေ့မှာ သူးနိုကေ့ လိုက်ဟ့ို နေရာဟ့ို ကျနေဉ် ကေ့လိုက်ဟှယ်။ အဲခီမှာ ကျနေဉ်မျစ်လောင်းထဲဟ့ို စစ်ပွဲ ရဲ့ပထမဆောင်း အနိဌာရုံမြင်ကွင်း ဝမ်လာဟှယ်။

အီရှေ့ဟှ ပန်းခြောင်အောက်မှာ မုလတ်သောက်ဆိုင်ရှင် မီးမဂီး သေနတ်ဒဏ်ရာန လဲဝီးလော သေနေဇာ မြင်လိုက်ရဟှယ်။

ကျနေဉ်ကောနကျနေဉ် ရှားဖြစ်ရားမှန်း သိဟှမ်း။

။ ။ ။

" ဟ ...လီရေး ... . .၊ သေဟှားဘီ ကြေး "

သတ်ကီးဆောင်း ရဲဘောၥ်ယောတ်ဟှနေ ကြေကြေကွဲကွဲ ထွမ့်လာဟို ပထမ ဆောင်း ဂါးသံ။

ကျနေ့ၥ်ဟှလော ဇပ်ပေါ့ဟ၊ မျှစ်လောင်းပြုူးဝီးဆိုဟှယ် ရှားသံလဲ ထွမ့်နိုင်ဝှဲ ကြောန်ဝီး ကေ့နေမိဟှယ်။

ကျနေ့ၥ်ကောၥ်ထဲဟှ သွီးလေ ခေါန်းထိဟှို တတ်ဆောန့်လိုက်မျိုး ခံစားရဟှယ်။ ကျနေ့ၥ်ကောန်ဂေါ်လောင်း ချစ်ချင်း ပူတတ်လာမျိုးပက်။

ဒေါ်သကီးသလောတ် စိန္နးညှံ့ဟှို အဲမှုရဲဘောၥ်ဟှ မီးမဂီးလောန်းဟှို ကေ့ဝီးဆိုဟှာ အောၥ်ဝီး ငိုဟှယ်။

" လာကေ့ဝှေ့ပါဦး ခမ်ဗျား။ အယ်မှာ စစ်တပ်ဟ ပစ်သတ်ဆောန်ဟှားဝီ "

မုလတ်သောက်ဆိုင်ရှင်မီးမဂီးဟှို စစ်တပ်ဟှ ခေါ်ဟှို သေန္နတ်န အနီးကပ် တေ့ ပြီး ပစ်သတ်ဆော်ဟှားဟှယ်။ မီးမဂီးမှာ အောင်းန္နောတ်ခြမ်းလောင်း ပွမ့်ထွမ့်ဝီး ဟှာ သေနေဟှယ်။ ပြောမပြတတ်ဝဲဟှို စိထိခိုက်မှုဂယ် ကျနေ့ၥ်ရဲဘောၥ်လေအား လောင်းဂုရဲ့ မျှစ်န္နာထမ့်မှာ ထမ်ထမ်ရှားရှား ပေါ်နေဟှယ်။ အောၥ်ငိုဝီးပြောနေဟှို ရဲဘောၥ်ရဲ့ ဂါးသံဟှ ကားလမ်းမရဲ့ တိဆိမှုကို ဖောတ်ခွဲဖျှစ်ဆီးပစ်နေဟှယ်။ အယ် ဘာယ်မှဲ ဝါဝါလောင်းဟှလော တိဆိမြဲတိဆိနေတူးဝဲ။

॥ ॥ ॥

သေဟှားဟှို မီးမဂီးရဲ့ မိဖဖြစ်ဟှို အဖိုးန အဖွားဂယ် အီရှေ့မှာ သေနေဟှို သူ့မီး လောန်းဟှို အီထဲဟှို သယ်သွမ်းနိုင်ဘဲန အယ်တိုင်းထိုင်ဝီး ရဲကွ္လာခံနေရဟှယ်။ သူးနို့မ္ လေး အသတ် ၈ နှစ်လောတ်ရှိဟှို ဝယ်ယားန္နေယောလည်း ထိုင်ပီးလောဟှာ မျှစ်န္နာ ညှိုးနေဟှယ်။ အဖွားဟှ ကျနေၥ်ဟှားတို့ ရဲဘောၥ်လေးယောတ်ဟှို ကေ့ပီးဆိုဝါ သူ့ ရင်ဖတ်ထဲဟှ နာကျင်မှုဟှို ငိုဝီးဖွမ့်ပြဟှယ်။ အဖိုးဟှ ဂါးနည်းဟှယ်။ အယ်ပေမှဲ ကျ

နေ့်ဟို့ ကေ့ဝီးဂါးပြောနေခီမှာ အဖိုးဂယ် ချစ်ကချစ်က လိုက်တတ်လာပီး ဆို့တတ်လာမျိုး ဖြစ်ဖြစ်လာဟှာယ်။ အယ်မူညဉ့်မှာ အဖိုးန အဖွား ခံစားနေရဟို့ နာကျင်မူလယ်ဗယ်ဟို့ ဟာယ်သောခါမှ ကျနော် နားလည်နိုင်ဟို့ မူဝ။ ခမ်ဗျားလည်း နားလည်နိုင်ဟို့ မူဟှာ။

တိဆိမူဟှာ ဝါဝါလောင်းဟို့ ဝါးမြို့ဟှားဟှာယ်။ ကျနေ့်ဘဝမှာ ကြာဆောင်း စက္ကန့်လေဝ့်။ ဝါထဲဟှာ ဟာယ်သူလည်း လာကေ့မှား မေ့ဟှာ။ စစ်သားလေန ပျူစောထီးလေဂယ် အီဟိုလည်း မီးရှို့ဟို့လောက်သေးဟှာယ်။ အယ်ပေမယ့် စစ်သားလေ ပ္လန်ဟှားခီမှာ မီးဟို့ ငြိမ်းငြိမ်းဟှား ငြီးသတ်နိုင်ဟှားကြော့ အီမီးလောန်ဟာမ်း။

မုလပ်သောက်ဆိုင်ရှင်မီးမဂီးရဲ့ လောန်းဟို့ အီထပ်ဟို့ သယ်ဟို့ ကျနော်ဟှားတို့ကြိုးစားဟှာယ်။ ကျနေ့်ရဲဘော်ယော့တ်ဂယ် မီးမဂီးလောန်းရဲ့ ခေဒေါ်တ်ဟို့ ကိုင်ဟို့တွမ့် တွန့်ဆုတ့်လူနေဇာ သူ မပြောပြဘဲလည်း ကျနော် မြင်န သိဟှာယ်။ မီးမဂီးလောန်းရဲ့ ခေါ်န်းဟို့ ကျနေ့်လတ်န ကိုင်ဝီး မ ့ လိုက်ခီမှာ ကျနေ့် ရင်ဖတ်တစ်ခုလုံး သိခန်၊ စိခန်။ ကျနေ့် ရင်ဖတ်ပြိုဆင်းသွားလေ့ဟှာယ်။ ဘဝမှာ သယ်ဖူးသမျှ လေးဆောင်းဇာဝ့်။

' သားဦး ' ဆို ကဗျာဆရာယောတ်ဟှာ သူ အသတ်ရှင်နေဒူး အယ်မျိုး ရေးရစ်ဟှာယ်။

" အားလုံးကို ငါ ' မ ' ကြည့်ပြီးပြီ

မျက်ရည်ဟာ အလေးလံဆုံးပဲ "

■ ■ ■ ■



# ဖိုးရှင်ဂီး နဲ့ ဖိုးတောကြောန်

■ မောန်ခင်အောန်

ဂါဟှား ဂါမာ နောန်မဲ ဆိုလူယောတ်ရှေ့ဟှာယ်။ နော်မည်ရင်းဝိုလောဂါ သိဂဲ့ရ။ အယ်ထိ နောန်မဲဝို ဂါလောင်းသိဂဲ့ဟှာယ်။ ရှားဖြစ်ဂြောန့် နူးဆိုဂါ ဒူဒတ် မောဒတ်လာဟှာ သူဂ သောင်သိ သောင်သိ ဇာလေ လျှောတ်လောက်ဒတ်ဟှိ။ နောန်မဲမာ မြားနသားန။ ခြံစိုက်စားဂဲ့ဟှာယ်။ နောန်မဲဟှားလေ မိသားစုဟှ မြားဖတ်ဟှ ယောတ္ခမ အီမာ နေဂဲ့ဟှာယ်။ နောန်မဲဝို ဩဇာညှောန်းလူဆီဟှိ အီမာ သူ့ယောတ္ခ မယ်းမိစုဂီး ယောတ်ဗဲ့ ရှေ့ဟှာယ်။

မယ်းမိစုဂီးရ လူပုပုဂါးဗဲ့။ အယ်ဗေမဲ့ သံကျှာယ် ဇပ်ထမ့်ဇ။ စိပေါ်တ်ဒတ်လာဆိုဂါ စစ်စစ်ကူဆဲလ္လ ရွှတ်လ္လ ဒတ်ဟှာယ်။ ဂါထဲမာ မယ်းမိစုဂီးဆိုဂါ ဂေါ်လိထား ဗဲ့ဆီဟှိ ချင်းပြောဂဲ့ဟှာယ်။ ဇပ်ဆိုးမြင်းဟှိ။ နောန်မဲ လည်း ဒူနေ မောနေထိဂို သူ့ယောတ္ခမ ဝို ခွန်းလည်း ပွန်ပြောရဲရ။ ကြောတ်က ဝိ ဗိရယ်။ သယ်မျိုး။ သူ့ ယောတ္ခမ ရှေ့မာဆိုဂါ

ခေါက်ဒတ်ဘဲဝို ကြောန်ဂါးမျိုး။ ကောက်ဂ္လ ဗိရယ်။ လည်လည်း လည်ဇ။

နေ့လောဂါ ဖိုးဖိုးရှင်ဂီးအီမာ ပွဲဆစ်ဇာရှေ့ကြောန့် နောန်မဲဝို မယ်းမိစုဂီးရ ခိုင်သီးရားဗီး သွားရှာခိုင်းဟှာယ်။ ရအောန်ရှာလာလော်ဆီဟို မယ်းမိစုဂီးရ ပြောလိုက်လောဂါ ဂါလောင်း ပတ်ရှာနေရဟှာယ်။ ပီးရာ ပွဲဆစ်မား ရီးသီးဖေ ဝိုလည်း နေဒန်ဇာဟှားအီဝိုလာပေးဟို့ ဗိခိုင်းလိုက်သေးဟှာယ်။ ဖြစ်ရှင်လောဂါ နောန်မဲယောတ် ခိုင်သီးလည်း ဇေ့လည်း ရှာမျ။ ရီးသီးဖေဟှာလည်း ကိစရှေ့ကြောန့် ခြားဂါဝို ရောတ်နေရယ်လှဲ့။

နောန်မဲယောတ် စိရှောက်ရှောက်န တောချစ် ရစ်ဟှား စိဖူး လောတ်ဝယ်ဗီး ခြံထဲမာ ခိုးသောတ်ဟှာယ်။ သယ်ကိစ ဆင်ပြေဘဲရာ သူ့ယောတ္ခမ ဆဲခ္လမယ်။ စစ်စစ်ကူ ရွှတ်ခံရမယ်ဆိုဂါ နောန်မဲဟှာ ရှစ်ဒတ်ဇာဂိုး။ သယ်န ခိုင်သီး ကိစဝိုရှစ်သား ထားဗီးရာ ပွဲဆစ်တတ်ဝို ခြားလူလေဝို လိုက်ရှာကေ့သေးရယ်။ သူးနို့ဂါဟှာ ဂါဂန်း ဟှားဆိုလောဂါ လူလည်း ဘောင်ဟှီးမှေ့။ ပွဲကောန်းကောန်း ဆစ်တတ်ဝိုဆီဟို ရီးသီးဖေယောတ်မှဲ့ ရှေ့ဟှာယ်။ သယ်နမှဲ့ နောန်မဲယောတ် သူ့ယောတ္ခမဝို ပ္လီဆီးပ္လီဆာပြောဟို့ လျှောတ်စဉ်းစားဟှာယ်။

နေဒန်က္လလာဆိုန နောန်မဲယောတ် သူ့ကြံ့န သူ ပိုင်ဒတ်နေရယ်။ နဲနဲလည်း ဒူနေဝိုဆိုလောဂါ ရဲဆေးရှီရားန မယ်းမိစုဂီးဝို ခပ်တည်းတည်န ပ္လပ်မှဲ့။ မိဝေး ရီးသီးဖေဟှာ ပြောလိုက်ဟှာယ်။ သယ်နေ့ သယ်ခီ ပွဲဆစ်မယ်ဆိုဟှာ နို့ မိကိုယ်တိုင် ပြင်ဟိုကောန်းဝလှဲ့။ နို့မိမီး မိဖ္လူ ဝိုမှဲ့ ဖိုးဖိုးအီဝိုလာခိုင်းလှဲ့။ နို့မိဟှာ အီရနေဗီး ဖိုးဖိုးဝို ဆုတောန်းဇေလှဲ့။ ပီးရာ ရီးသီးဖေရမှဲ့ ခိုင်သီး ပြင်ရားမယ်လှဲ့။ ရှင်ဂီးအီရောတ်မှမှဲ့ အားလောင်းစောင်အောန်စုဗီး ပွဲဆစ်ပေးမယ်ပြောဟှာယ်။ မယ်းမိစုဂီးရ သယ်မျိုးဇာလေ ယောင်ဇ၊ ရီးသီးဖေ ပီးရာ ပီးမှဲ့ ဆိုလောဂါ နောန်မဲ ပြောမျိုးမှဲ့ ယောင်ဟှာယ်။

မိဖ္လူယောတ် မှောတ်ပတ်လတ်ကန်းဂန်းထဲမာ အောင်းသီး၊ မွှီးတိုင်၊ ဖြောန်းတိုင်လေ၊ ကွမ်းဝမ့် ကွမ်းသီး၊ ကြံ၊ ဆေးမဲ၊ ဒန်နီ ဒန်ဖ္လူ၊ ရွှေဗ္လား ငွေဗ္လား၊ ကတ်ဟှားမတ်ဟှား နည်းနည်းယူဗီး သူးမိ ပြင်ပေးလိုက်တိုင်း မှောတ်ပတ်လတ်ဝို ခေါန်းထမ့်မာဝမ့်

ဗီး ဝါထိရ ရှင်ဂီးအီဝိုသွားမဲ့။ နောန်မဲရလည်း ထားမဂီးရှောန်း ခါးဟှာ ဆိုးမာ ကွလိုက်ဗီး သူ့မြားနောန့်ဝိုလိုက်ဟှားဟှာယ်။ သူ့သားလေ မီးလေဝိုလည်း သူ့ယောတ္ခမ န ထားရစ် ဟှာယ်။ ဖိုးဖိုး မျှစ္စိရှောက်ဖြောန့်ဆီဟှိ ပွလပ်ဗီးပြောလောဝ်၊ မယ်းမိစုဂီးလည်း ယောင် ဗဲ့နား။ သားဂန်းဟှား လေဝို လိုက်ခိုင်းရ။

ရှင်ဂီးအီဝိုရောတ်လောဝ်၊ ဟာယ်လူ လည်းမှေ့၊ သူ့မြား မိဖ္လူ၀ ရီးသီးဖေရမား ဆီဟှိ နောန်မဲဝို မေးရယ်။ နောန်မဲရ နန် ဇပ်ပေါက် ပိဗီးနေ ဆီဟှိ သူ့မြားဝိုပြော ဗီး ရှင်ဂီးအီနားမာ ဖွမ့်ဟှားဝို တောဗျော သီးဟှိုး ဖိုး ဆွဲထု။ မိဖ္လူ ဝမ့်ခလာဝို အောင်း သီးလေ ခွဲ၊ ဖိုးဖိုးအီမာ ကွမ်းဝမ့် ကွမ်းယာ လေ သူ့ဖြင့်ဖုးမျိုး တတ်မျှ မှတ်မျှန သေး ချာတန်၊ ဖြောန်းတိုင် မွှီးတိုင်ရားလေ ထွန်းဗီး ခပ်တည်းတည်န လောက်နေမဲ့။ သူ့မြား မိဖ္လူယောတ် သူ့လန်ဝိုလည်း ကြောတ်ရဆိုလောဝ်၊ ရှားလည်း ပြောမ္ရဲ ဘဲန မာ့အောက်သန့်ဗီး ကေ့နေရဟှာယ်။ စိထဲဟှာလည်း ဗြိတော်မဟှားလေဝို ဖမ်းဇား ဗာန ဖျှား ဆီဟှိ ဆုတောန်းနေရဆိုမား။

အောင်းသီး ဗျောသီးလေ
ကွမ်းယာ ကြံလေ မွှီးတိုင်း
ဖြောန်းတိုင်လေန၊
ရွှေဗ္လား ငွေဗ္လား ဒန်နီဒန်ဖ္လူလေ
စောင်န ပွဲဆစ်ပါဟှာယ်။
စောန့်ရှောတ်ပေး။
မဇပေးလော် ဖိုးဖိုးဝေး။


နောန်မဲရလောဝ်၊ ရဲဆေးရှီဟှားန မှင်တပိုင်ဗဲ့ ပွဲဆစ်လှဲ့။ သူ့ဖြင့်ဖုး ကြားဖုးမျိုး တတ်မျှ မှတ်မျှ န ဗဲ့နား။

" ဖိုးဖိုးဝေး ဖိုးဖိုးဝို အောင်းသီး ဗျောသီးလေ ကွမ်းယာ ကြံလေ မွှီးတိုင်းဖြောန်း တိုင်လေန၊ ရွှေဗ္လား ငွေဗ္လား ဒန်နီ ဒန်ဖ္လူလေ စောင်န ပွဲဆစ်ပါဟှာယ်။ စောန့်ရှောတ်ပေး။ မဇပေးလော် ဖိုးဖိုးဝေး။ ဗြိတော် ခိုင်သီးရှာဇာ ဝါးလောင်းနှံ့ဗဲ့၊ ဗီးလည်း၊ လောင်း လည်း ဂိုတ္ခိရ ဖိုးဖိုးဝေး။ မျှစ် န လော်။ အယ်လောဝ်၊ ဗြိတော် ခိုင်သီးရားန တူဝို တော

ဗျောသီးရားဖီး ဆစ်ပါဟှာယ်။ ဖိုးဖိုးလောဂါ တောဗျောသီး ကြိုက်မှန်း ကြိုက်မှန်း သိရ။ ဖိုးတောကြောန်လောဂါ ကြိုက်ဇ ဖျား ဆီဟှိပြောဗီးန ဖိုးဖိုးအီဝို ရှိခိုး ခ္လမီး ပ္လွန် လာဆိုမား။

မိဖ္လှုဂလောဂါ နောန်မဲဝိုကြောတ်ဗီး သူ့မိဝို သယ်ကြောန်း ပ္လွန် ပြောရဲ ဘဲန နေထိ မယ်းမိစုဂီးရလောဂါ ဟာယ်မျိုးသိရားမှန်းလော သိရ။ နောန်မဲယောတ်စစ်စစ်ကူ ဆဲ ခံရ သူ့ယောတ္ခမ အီရနေ နှံ့ခ္လ ခံရ ဆိုမား။ ဂါလောင်းလည်း သယ်ကြောန်းဝို ဒိရဒိုင်း ပြောဂဲ့ရင်းန ဖိုးရှင်းဂီးန ဖိုးတောကြောန် ကြောန်း ပြစ်ခန်းရယ်ခန်းပြောနေဂဲ့ဒူးဆို မား။

■ ■ ■ ■




# Please Call Me by My True Names

## - Thich Nhat Hanh

# ငါ့ဝို ငါ့နော်မယ်မှန်လေန ခေါ်ဘာအေး

## ( ဆရာတော် သစ်ညတ်ဟာန် )

■ နောင်းရေအေး

ဘာသာပြန်

**Don ' t say that I will depart tomorrow _**

ငါနန့်ကီးတယ်ရာ ပွန်ဟှာမယ်ဆီဟို့ပြောန

**even today I am still arriving.**

ငါသယ်နေ့မှမဲ့ ရောက်ဒူး။

**Look deeply: every second I am arriving**

ငါရောက်လာဝို စစ်ကန့်ဒိုင်း သေးသေချားချာကေ့

**to be a bud on a Spring branch,**

နွီဦးသစ်ကိုင်းလေထက်ဟှာ ဝမ့်ဖူးပန်းဖူးဂါးလေ ဖြစ်ဟို့၊

**to be a tiny bird, with still-fragile wings,**

**learning to sing in my new nest,**

သိုက်သစ်ရားထဲမှာ ချင်းဆိုသန်နေဝို့၊ များများသန်သေးဘဲဝို တောန်ပံ့ဟှားလေန ငှက်
သားဂန်းဟှားကောန် ဖြစ်ဟို့ ၊

**to be a caterpillar in the heart of a flower,**

ပန်းဖွမ့်ဟှားလည်ဆံ့ထဲဟှာ ပိုးတောင်းလောင်းဟှားကောန်ဖြစ်ဟို့၊

**to be a jewel hiding itself in a stone.**

ကျောက်တောင်းထဲမှာ သူ့ဇာသူ ပူးနေဝို ဖိုးတန်ရတနာဟှားခုဖြစ်ဟို့၊

**I still arrive, in order to laugh and to cry,**

ငါခုမှ ရောက်ဒူး၊ ရယ်ဟို့ ငိုဟို့၊

**to fear and to hope.**

ကြောက်ဟို့ န မျှော်ဟို့။

The rhythm of my heart is the birth and death

of all that is alive.

ငါ့နှလောင်း မှန်းမှန်ခုနေဇာဟှာ သက်ရှေ့နေဝိုဇာ အားလောင်းတွမ့် ဇာတိ န မရဏဗဲ့။

I am the mayfly metamorphosing

on the surface of the river.

ငါဟှာ မ္လစ်ရေပ္လွန်ထက်မာ ခွံက္လွတ် ပေါင်ပ္လောန်း နေဝို ဇင်းဟှားကောန်။

And I am the bird

that swoops down to swallow the mayfly.

ပီးရာ ငါဟှာ ခုနဟှာ ဇင်းရားဝို ထောက်စားဟို့ ထိုးဆင်းလာဝို ငှက်ဟှားကောန်။

I am the frog swimming happily

in the clear water of a pond.

ငါဟှာ ရေကြယ်အိုင်ဟှားခုထဲမာ ရေကူးပျော်ဒတ်ဝို ဖားဟှားကောန်။

And I am the grass-snake

that silently feeds itself on the frog.

ပီးရာ ငါဟှာ ခုနဒူးဝ ဖားဝို တိတိရားမြို့ဝို ပြစ်လျှောဗ္ဗီရား ကောန်။

I am the child in Uganda, all skin and bones,

ငါဟှာ ယူဂန္ဒာဟှာဝို ရိုးနရေဗှဲ့ရှေ့ဝို သားဂန်းဟှားယောက်၊

my legs as thin as bamboo sticks.

ငါ့ခေဒေါက်ဝါးလေဟှာ ဝါးခြမ်းပ္လားမျိုးဗှဲ့ သေးသေးပီးပီရား။

And I am the arms merchant,

selling deadly weapons to Uganda.

ပီးရာ ငါဟှ ယူဂန္ဒာမာ သေစေဒတ်ဝိုလတ်နတ်လေ ရောန်းနေဝို လတ်နတ်ရောန်းဝယ်မားယောတ်။

I am the twelve-year-old girl,

refugee on a small boat,

who throws herself into the ocean

after being raped by a sea pirate.

ငါဟှ ဆယ့်နှေနှစ်ရွယ် ဝယ်ရားဂန်း၊ ပန်လယ်မွလယောတ် ဝ ဒီးကျင့်ဇာဝိုခံလိုက်ရဗီးခီမာ ဒေါ်ကွာသည်လှေဂန်းဟှားထတ်ဟှနေ ပန်လယ်သမောကွဒရာဂီးထဲဝို ကိုယ့်ဇာကိုယ် ခူဆင်းခွလိုက်ဝိုယောတ်။

And I am the pirate,

my heart not yet capable

of seeing and loving.

ပီးရာ ငါဟှ ပန်လယ်မွ တယောတ်၊

ငါ့နှလောင်းသားမား မြော်မြင် ခံစား ရှစ်နားတတ်ဇာလေ ခုခီထိ မှေ့သေးရ။

I am a member of the politburo,

with plenty of power in my hands.

ငါဟှ ငါ့လတ်ထဲမာ အာဏာလေဘောင်ဟှီးရှိဝို ပေါ်လစ်ဗျူရို ဖွဲ့ဝမ်တယောတ်။

And I am the man who has to pay

his " debt of blood " to my people

dying slowly in a forced-labor camp.

ပီးရာ ငါဟာ အစမ္ဘလောက်အားပေး စခန်းလေမှာ ဖြေးဖြေးနသေနေကူဝို ငါ့လူလေ
ဝို ငါ့သွီးကြွေးလေ ဆပ်ရဟို့ ယောက်ကျားတယောက် ။

My joy is like Spring, so warm

it makes flowers bloom all over the Earth.

ငါပျော်နေဇာဟာ နွီဦးမျိုးဗဲ့၊ ရရာနွီးဇ

ကမ္ဘာမာရှေ့မျ ပန်းလေဝို ပွမ့်ဇေဟာယ်။

My pain is like a river of tears,

so vast it fills the four oceans.

ငါ့နာကျင်မှုဝ မျစ်ရယ်မ္လစ်ဇင်းမျိုးဗဲ့၊

သမောက္ဒရာဟိုးလေးစင်းလောင်းဝို ဖ္လည့်ပေးနေအောန်ကွ္လယ်ဖြင်းဟာယ်။

Please call me by my true names,

so I can hear all my cries and my laughter at once,

so I can see that my joy and pain are one.

ငါ့ဝို ငါ့နော်မည်မှန်လေန ခေါ်ဘာလာ့အေး၊

သယ်ဆိုဝ်ါ ငါဟာ ငါ့ငိုသံ န ငါ့ရယ်သံဝို ဖြိုင်ဒည်း ကြားနိုင်ဟာယ်၊

သယ်ဆိုဝ်ါ ငါ့ပျော်န ငါ့နာလေရ ခုဒည်းဆိုဇာဝို မြင်နိုင်ဟာယ်။

Please call me by my true names,

so I can wake up,

and so the door of my heart

can be left open,

**the door of compassion.**

ငါ့ဂို နော်မည်မှန်လေန ခေါ်ဂွဲလာ့အား၊

သယ်ဆိုဂါ ငါနိုးလာနိုင်ဟှာယ်၊

ပီးရာ ငါ့နှလောင်းသား ခေါ်တ်ပေါက်ဂို ဖွမ့်ဟှားရစ်၊

မေတ္တာတရားခေါ်တ်ပေါက်ဖြစ်ဟှာယ်။

ဗီယက်နမ် ဆရာတော် သစ်ညတ်ဟာန်း ( **Thich Nhat Hanh** ) ရေးဂို ကဗျာလေထဲရ လူသီများဂို ကဗျာဟှား ပေါ်ဒ်ဖြစ်ဂို **Please call me by my true names** ဂို ငါ့ဂိုငါ့နော်မည်မှန်လေန ခေါ်ဘာအား ဆီဟှို ဘာသာပ္လွန်လိုက်ပါဟှာယ်။ သယ်ကဗျာဂို ဆရာတော်ရေးခီဒူးဝ ဗီယက်နမ်မှာ စစ်ပြောန့်ဟှို လူလေဟှာ လှေရားန ပန်လယ်ဂိုဖြတ်ဗီး လွတ်ရာကျွတ်ရာဂိုထွမ့်ပွေးနေဂွဲရခီ ဖြစ်ပါဟှာယ်။ ဆရာတော်ဟှာ ကမ္ဘာမာ ဝိပဿနာတရားပြ ဇင်ဆရာတော် နေနလည်း လူသီများမျိုး သတ်ငယ် ဂါငယ်ဒူးခီရ သူ့လောက်ဆောန်ရစ်ဂို စစ်ဆန့်ကျင်ရေး လှောက်ရှားမှုလေ ပြောန့်လည်း ထံရှားဘာဟှာယ်။ ဆရာတော် သတ်ငယ်ဂါငယ်ဒူးခီရ နိုင်ငံရေးန ပတ်သတ်ဗီးလောက်ဇာလေ၊ ဒေါ်ကွဲရောတ်နေဂို လူလေဂို တိတိရားကျိဗီး စိုးရသိဘဲနေအောန်ကူဇာလေ၊ ဝေဖန်ဇာလေ ပြောန့်ဟှို နိုင်ငံဝမ်ခွမ့်ပီခံရဇာ၊ နှံထုခံရဇာလေမျိုး ကြောင်ရပါဟှာယ်။ ဆရာတော် ပြင်သစ်မာ ခိုလှောင်ရင်း ဆီးဗန်ကူးဂါ ( **Plum village** ) ရားရီသာဂို တည်ထောန်ဗီးရာ တရားပြပါဟှာယ်။ ၂၀၂၂ ခုနှစ် သတ်တော် ၉၅ မာ သူမွီးဂို ဗီယက်နမ်လယ်ဗိုင်းဟှာ ဟွေးမြို့ဂါးမာ သူဖောင်းဂီးစဝတ် သာသနာ့ဘောန်ထဲစဝမ်ဂို သစ်ပြစ်ကျောန်း ( **The root temple** / Chùa Từ Hiếu ) ဂါးမာဗဲ့ ပျံလွန်တော်မူဂါးဘာဟှာယ်။



# ပွန်စဉ်းစားဟို့ သင့်ဝို ဖွံ့ဖြိုးရေးကြောန်း

■ နောန်းနောန်

ဖွံ့ဖြိုးရေး ဆိုဂါးလောင်းဝို နေရာဒိုင်းမှာ သောင်းနေဂေ့ဟှာယ်။ ဘိုလိုန **Development, Develop, Developer** ဆိုဇာလေဝို လူဒိုင်းနီးပါးဂို နားယဉ်နေဗီထံပါဟှာယ်။ ခုခေတ်ဆိုဂ်၊ အဲစာလောင်းလေရှေ့မာ **Sustainable, Sustainably** ဆို စာလောင်းလေဂို ထည့်မှ ခေတ်မီမျိုးဗှဲ့။ ခုခီမာ ဖွံ့ဖြိုးရေး ဆိုဇာဝို သေးသေချာချာ စဉ်းစားဗီး ရှားဇာမျိုးနူး၊ ဟာယ်မျိုး ဟာယ်ပေါင်န လောက်ဂှဲ့ ကိုင်ဂှဲ့ ဖွံ့ဖြိုးဂှဲ့မယ်နူး ဆိုဇာဝို လောဂ်၊ ဒိထားဗီး လောက်ဟို့ လိုလာခြေနေမျိုး ဆိုက်လာနေပါဟှာယ်။ ရှားဖြစ်ဗြောန့်နူးဆိုဂ်၊ ဖွံ့ဖြိုးရေး ဆိုဂါးလောင်းန လီခံထိ ပွပ်

ခံထိ ဒေါက္ခရောတ်ဂါ်း ဇာလေ ဘောင်ဟှီးရှိလာဂြောန့်။ ပီးရာ မျှားစုဟှာ ဖွံ့ဖြိုးရေးဆို ကြားန ကောန်းလာမယ်ဆို ထံဟှာယ်။ ကောန်းဇာလေခဲ ဝီးဗီး မြင်ဂှဲဟှာယ်။ သယ်လောဂါ လီမားလေ ပွလ်မားလေ ဇပ်ထဲမာ သောင်းဟှိုကောန်းဝို ဂါ်းဖြစ်နေမှဲ့နား။

တော်တော်မျှားမျှားဟှာ ဖွံ့ဖြိုးရေး ( development )န ကြီးပွား ( growth ) ဇာနှ့ကို ကွဲဂှဲ့ရ။ တူးဒူမှဲ့ ဆိုထံဒတ်ဟှာယ်။ သယ်မျိုး ထံနေဂှဲ့ဇာဟှာလည်း ပြသနာဂီး တခုမှဲ့။ ကြီးပွားမှ တိုးတတ် ဖွံ့ဖြိုးလာမယ် ဆီဟှို ထံနေဇာဂိုး။ ကြီးပွား ဂိုမှဘှဲ့ မျှားထတ်က မျှား၊ ကီးထတ်က ကီး၊ ဘောင်ဂီး ဗန်းဂီး တိုးနိုင် ချဲ့နိုင် စုနိုင် ဆောန်းနိုင်မှဘှဲ့ ပိုဗီးရာ ဖွံ့ဖြိုးလာမယ်ဆီဟှို ယူဆ ယောင်ကြည့်ရားဂှဲ့ဟှာယ်။ လောက်ငန်းကိုင်ငန်းဆိုဂါ တိုးချဲ့နိုင်မှ၊ ကတ်မျှားမျှား နှစ်ထတ်နှစ် ပိုပိုဗီး ရှာနိုင်မှ၊ ဖောတ်သည် ပိုမျှားလာမှ ကိုယ့်လောက်ငန်းဟှာ ဖွံ့ဖြိုးလာဟှာယ်ဆီဟှို ထံဂှဲ့ဟှာယ်။ သယ်မျိုး ယူဆယောင်ကြည့်နေဂ လောင်းဝ မှားနေဇာမျိုး မှုဝ ဆိုဗေမှဲ့ လောင်းလောင်း မှန်နေဇာလည်း မှုဝ။ သယ်မားမျိုး တိုးလာ ကီးလာ၊ ကြီးပွား လာဇာဝို သတ်သတ်မှဲ့ ဖွံ့ဖြိုးရေးဆို ထံနေဇာဟှာ မမှန်ဟှာ။

ဖွံ့ဖြိုးရေးဆိုဇာမာ ကီးလာဟှာယ်၊ ငယ်လာဟှာယ်၊ ပျောတ်ဂါ်းဟှာယ်၊ ပေါ်လာဟှာယ်၊ တည်နေဟှာယ်၊ ပွောန်းလဲဟှာ ဆိုဇာလေန တိုက်ရိုက် မပတ်သတ်နေဟှာ။ ကီးလာဒိုင်းလည်း ဖွံ့ဖြိုးရေးဆို ခေါ်ရှင်မှ ခေါ်မယ်။ ငယ်ဂွလာဇာ ပျောတ်ဟှားဇာဝိုလည်း ဖွံ့ဖြိုးရေးဆီဟှို ခေါ်နိုင်ဟှာယ်။ ကီးလည်းမကီး ငယ်လည်း မငယ် ပေါင်မှန်ဟှား သွားနေနိုင် လောက်နေနိုင်ဇာဝိုလည်း ဖွံ့ဖြိုးဝယ်ဆီဟှို ခေါ်ဇာမျိုးလည်း ရှိဟှာယ်။ အောတ်မာ ဥပမာလေန ပြောဂှဲ့ရအောန်။

နို့နိုင်ငံထဲရ သစ်တောဂီးလေထဲမာ ခဲတူး၊ မိုင်းတူး၊ ရွှေတူး၊ ကျောက်တူး၊ သစ်ထုဇာလေ ပေါ်လာဟှာယ်။ အဲလောက်ငန်းလေရ ဝမ်ငွေကောန်းလာဟှာယ်။ ကြီးပွားလာဂှဲ့ဟှာယ်။ လောက်ငန်းလေတိုးချဲ့ဂှဲ့၊ ကတ်လေ ဘောင်ဟှီးရဂှဲ့န ဆင်ပြေလာဂှဲ့ဟှာယ်ဆိုဇာမျိုးဝို အဲဒေသ ဖွံ့ဖြိုးဟှာယ်ဆီဟှို ခေါ်မွှော်။ ဝမ်ငွေရ၊ သူးနို့လောက်ငန်းအရပြောမယ်ဆိုလောဂါ အောန်မြင်ဟှာယ် ဆီဟှို ဆိုဗေမှဲ့ သစ်တောလေ သစ်ပန်လေ ပျ

စွီးရားဟှာယ်၊ ခွေ့ာန်းလေ ရေလေ ပျစွီးကူဝယ်၊ သဘာဝ ဂေဟ ဆစ်စပ်နေဇာလေ အားလောင်း ပျစွီး ကူဗီဆိုဂ်၊ ထိခိုက်လူလေရှိဒူဗှဲ။ ပီးရာ ပျစွီးရား ဇာလေဝို ပွှန်ကောန်းအောန် လောက်ဖို့ ဆိုဇာဟှာ လွှယ်ဟာန်း။ လူလေဟှာ သတ်ရှင်ဟို့တွမ့် သဘာဝ ဝိုမှီခိုနေရဒူးဘဲ့သေး။

ဝမ်ငွေရဝို ဖတ်ဟှာနေ ကေ့ရာ မိုင်းလောက်ငန်း ပိုင်ရှင်လေ မ္လတ်မယ်။ ရွှေလောက်ငန်းရှင်လေ၊ သစ်လောက်ငန်းရှင်လေ မ္လတ်လေရမယ်။ ချို့လူလေ နည်းနည်းမ္လတ်၊ ချို့လေရ များများ မ္လတ်ဂဲ့မယ်။ ဟယ်လူလေ နစ်နာမယ်နူးဆိုဂ်၊ အဲဒေသဟှာ သဘာဝဝို မှီခိုနေရလူလေ ရင်ဆောင်းထိမယ်။ လိဆန်လေ ဒေါက္ခရောတ်မယ်။ မှ္လေအောတ်ရေ ပျစ်နိုင်ဟှာယ်။ မွှေလေ ရေလေမှာ ဓာတုဆိခပ် လိုက်မျိုး ဖြစ်ဟှားနိုင်ဟှာယ်။ ဆစ်စပ်ဗီးရာ မိုးခေါ်န်၊ ပူရှိတတ်၊ ရာသီဥတု ကမောတ်ကမ ဖြစ်လာဟှာ

## ဖွံ့ဖြိုးရေးဆိုဇာ ခြမ်းတည်းခြမ်း

## ကွမ့်ဗီးကေ့ဇာမျိုးမှုဝ။

စိုက်ပျိုးရေး လောက်ငန်းလေထိမယ်။ ဆင်းရဲသူ ဆင်းရဲသားလေ ၊ ကျန်းမာရေးကောန်းဘဲလူလေ၊ သတ်ကီးဂ်ါကီးလေ ဒေါက္ခရောတ်နိုင်ဟှာယ်။ ရေရှယ်မာ နောတ်မျိုးဆစ်လေတွမ့် သဘာဝ ပတ်ဝန်းကျင် ကောန်းဂေါ်န်း မှေ့ဘဲ ခြေနေမျိုး ဖြစ်မယ်။

အဲလောဂ်၊ ပြောရှင်ဇာဟှာ ဖတ်ဟှာ မ္လတ်ထွမ့်ဗီးရာ တဖတ်မာ ဒေါက္ခရောတ် ခြေနေမျိုးဝို ဖွံ့ဖြိုးရေး ဆီဟှိ ပြောဟို့ခတ်ဟှာယ်။ ဖွံ့ဖြိုးရေးဆိုဇာ ခြမ်းတည်းခြမ်း ကွမ့်ဗီးကေ့ဇာမျိုးမှုဝ။ နစ်နာခံလိုက်၊ ပျစ်ခံလိုက်ဆိုဗီး ငါ့ဂါး နွှားရ လောက်ဇာမျိုးမှုဘာဟှာ။

နောတ်ထပ် ဥပမာ ခုဝ လောဂ်၊ ကမ္ဘာမာ ငတ်ငတ်ပြတ်ပြတ် အာဟာရ ပွှည့်ဘဲ

လူလေ တိုးလာဟှာယ်။ ခိုး၊ လု၊ မ္လ တိုက်၊ လီပ္လပ်၊ ဇာလေ မျှားလာဟှာယ်။ ရာသီဥတု ဂြောန့် ဒေါက္ခဖြစ်ဗီး သေန္ဓူးမျှားလာဟှာယ်။ အယ်မာမျိုး ရေတွမ့်လေ တိုးလာနေဇာ ဟို ဖွံ့ဖြိုး လာဟှာယ် ဆီဟှို ခေါ်ဟို့မှုဝ။ သယ်မျိုး ဖြစ်နေဇာလေ နည်းလာမှ ပျှောတ် ဝါးမှာဘဲ့ ဖွံ့ဖြိုးရေး ဆီဟှို ခေါ်နိုင်ပါဟှာယ်။

သယ်ဂြောန့်လည်း ဖွံ့ဖြိုးရေးဆီဟှို ပြောဂဲ့ခီမာ ကတ်မျှားမျှားရဇာ လောက်ငန်း လေ တိုးလာ၊ တိုက်လေ တာလေ ကားလေ လမ်းလေ ခါးလေ တိုးလာဇာ ခုဒည်းဝို ပြောဇာမှုဝ။ ဖြစ်သင့်ဘဲဇာလေ နည်းလာဇာ၊ ပျှောတ်အောန်လောက်နိုင်ဇာဝို လည်း ဖွံ့ဖြိုးရေးဆီဟှိုပြောဟှာယ်။ နောတ် ရေးကီးဇာ ခုဝ လောဝ်၊ ဖွံ့ဖြိုးရေးမာ စီးပွားရေးအရမျှာဘဲ့ ကေ့ဇာမျိုးမှုဘဲ့န လူမှုရေးအရ ( ယဥ်ကျေးမှုဝို လေးစားဟို့၊ မျှ မျှတတ ဖြစ်ဟို့၊ နစ်နာဇေမှု မဖြစ်ဟို့၊ စိဒေါက္ခ ကိုယ်ဒေါက္ခ မဖြစ်ဟို့ ) န သဘာဝ ပတ်ဝန်းကျင် ရေရှယ် ကောန်းနေဟို့လည်း ထည့်ကေ့ ထည့်တွမ့် ဇာမျိုးလည်း ဖြစ် ပါဟှာယ်။

အဲလောဝ်၊ လောက်ငန်း တခုဝ သူးန္ဒိဆင်ပြေဟို့ခဲကေ့ဗီး ကြီးပွားဟို့ ကတ်မျှား မျှားရအောန် လောက် ဟှာယ်။ ခြားလူလေ ထိခိုက်ဇာ၊ သဘာဝပတ်ဝန်းကျင်ထိခိုက် ဇာ လေဝို ရေးစိုက်ဘဲန ကတ်မျှားဟို့ မ္လတ်စားဟို့ဘဲ့ ကေ့မယ် ဆိုဝ်၊ အဲမာလောက် ငန်း ဝမ်ငွေကောန်းဟှာယ်၊ တိုးချဲ့လာနိုင်ဟှာယ်၊ နော်မည်ကီးလာဟှာယ် ဆိုဇေမဲ့ အဲမာ လောက်ငန်းဂြောန့်ဟှို ဒေသ ဖွံ့ဖြိုးလာဟှာယ် ဆီဟှို ပြောဟို့ ခတ်ပါမယ်။

လောက်ငန်းခု ကီးလာန မျှ သူ့ဂြောန့်ဟှို ထိခိုက်မှုလေ၊ နစ်နာမှုလေ မျှားမျှား ဒတ် လာဆိုဝ်၊ သယ်မာ လောက်ငန်းဟှာ ဖွံ့ဖြိုးရေးအတွမ့် ရေးပါဝို လောက်ငန်းဆီဟှို ပြောဟို့ ခတ်နိုင်ဟှာယ်။ နေရာ ခုဒည်း ကွမ့်ဗီး ကောန်းနေဇာမျိုး ဝိုလည်း ဖွံ့ဖြိုးလာ ဟှာယ် ဆီဟှို ခေါ်ဟို့ခတ်ဟှာယ်။ ခုခုတွမ့် ကောန်းဝါးဗီး ခြားဖတ်မာ ဆိုးဇာလေ သွား ဖြစ်နေမျိုးဆိုဝ်၊ အဲမာ လောက်ငန်းဝို ရေရှယ်ဖွံ့ဖြိုးရေး ပေါ်ဇ်ဇံ ( **Sustainable Development Model** ) န သွားနေဟှာယ်ဆီဟှို ပြောဟှို မျှ။

ချို့လေရ ပြောဟှာယ်။ ဖွံ့ဖြိုးလာဆိုဇာ တိုက်အီလေ၊ တိုက်မြင့်ဂီးလေ၊ ခါးရှယ်ကီး

လေ၊ လေယာဉ်ငွမ်းလေ၊ ကားလေ ပေါ်လာ၊ လူလေရ နိုင်ငံခြားဖြစ် နော်မည်ဂီး ဇိ (ဘရန်း) ဝတ်စား၊ သောင်းဆောန်လေ၊ စားဇာလေ စားနိုင်ဇာဝို ခေါ်ဝယ်ဇေလှဲ။ သယ်မားမျိုး ထံနေဇာ၊ ယူဆဇာဟှလည်း မှန်ဆီဟှိ ပြောရခတ်ဟှယ်။ ချို့ဟှ ခေတ်မီ ဆိုဇာဟှယ် ဖွံ့ဖြိုးဘှဲ၊ ပေါ်ဇာ ဝယ်သောင်းနိုင်လေ ကောန်းလေ ဗှဲ ဆိုဇာမျိုး။ တကယ်ရလောဂ်၊ ဖွံ့ဖြိုးရေး ဆိုဇာမှာ ခုနဟှ ထမ့်မာ ပြောမျိုး စီးပွားရေး အရလည်း ကေ့ ရမျိုး လူမှုရေးဖတ်ဟှလည်း မျစ်ကွယ်ပြုမျှဟှ၊ ပီးရာ ရရာဒိုင်း ရေးကီးဝို သဘာဝ ပတ်ဝန်းကျင် ရေရှယ် လည်နိုင်ဟှို့ ထိခိုက်မှု နည်းဇေဟှို့ ဝိုလည်း ကေ့ ရမယ်။

ခေတ်မီမှ ဖွံ့ဖြိုးမယ်ဆိုထံဗီး သူမျှားလောက်ဒိုင်း လိုက်လောက်ဇာဟှ ကိုယ့်ပတ်ဝန်းကျင်ဝို ထိခိုက်ရယ်ဆိုဂ်၊ သူမျှားလေဝို ထိခိုက်ဟှယ် ဆိုဂ်၊ သေးချာ ပွလ္လန်စဉ်းစားဟှို့ လိုပါဟှယ်။ ဥပမာ၊ သစ်ရိ ဂါးရိုရားန အေးနေဗီးသား အီရား ခြံရားဝို ခေတ်မီအောန်ဆီဟှိ သစ်ပန်လေလှဲ၊ အဲယားကွန်းတပ် ဆိုဂ်၊ အဲယားကွန်းဖြောန့်ဟှို လေညစ်ဇာ၊ သူမျှား နားပူဇာ၊ လျှပ်စစ်ပိုသောင်းရဇာ လေ မျိုးဖြစ်လာဟှယ်။ ငါ့ကပ်န ငါ ဆိုဗေမဲ့ လိုအပ်ဘှဲန ခေတ်မီရှင်ယောင် သပ်သပ်န လောက်ဇာမျိုးလေ ဆိုဂ်၊ ပွလ္လန် စဉ်းစား သင့်ပါဟှယ်။


ကမ္ဘာဂီးမှာ လျှပ်စစ်ထုဟှို့၊ လူလေ စားဟှို့ သောတ်ဟှို့၊ သောင်းဟှို့ စွဲဟှို့ သဘာဝရင်းမြစ်လေ ရှိနေဗာဟှယ်။ လိုရှင်မျှ ရနေဇာမျိုး မှုဘှဲန ကန့်သတ်နဗှဲ ရမယ်ဆိုဇာဝို ပညာရှင်လေ ပြောဟား ဗီးသား။ အယ်မာဇာလေ ထုသောင်းဟှာ နည်းနမျှား ထိခိုက်မှုရှိဟှယ်။ ယာဉ်လေ ပစ္စည်းလေ စစ်ရောင်လေဟှနေ၊ လိဆန်မွေးမြူရေး လောက်ငန်းလေဟှနေ ကာဗွန် ဘောင်ဂီးထွမ့်ဗီး ကမ္ဘာဟှ ပိုပူလာနေဟှယ်။ ရေခဲလေ ရေပိုပျော်လာဟှယ်။ ပန်လယ်မာ ရေတတ်လာ၊ မှောန်ဒိုင်းလေမျှားလာ၊ လေညစ်ပတ်လာ၊ ရောဂါပိုမျှားလာ မျိုးလေန ဒေါက္ခလေခဲဗှဲ။

သယ်ဒေါက္ခလေဝိုခံဇားရဝို မျှားဆောင်း အောက်စုလေရလောဂ်၊ ကတ်မှေ့ဘှဲဝို လူလေ။ ကမ္ဘာ ပူလာအောန် ကာဗွန်ဘောင်ဂီး ထုနေဝို လောက်ငန်းလေ၊ ကားလေ၊

ယာဉ်လေ၊ စစ်ရောင်လေ မပိုင်ဘဲ ဝို ဆင်းရဲသားလေဗဲ့။ ချမ်းသာလူလေရ သူးနို့ ဘ၁၀ ဖွံ့ဖြိုးဟို့ ဆီဟို ခေါ်နိုးဇဉ်တပ်ဗီး ကာဗွန်လေ များများထု၊ လောက်ငန်းတိုးချဲ့ဗီး ဖွံ့ဖြိုးရေး ဆီဟို ပြောနေဂဲ့ခီမာ အောတ်ခေရ ဆင်းရဲလူလေရလော၀ါ ဖွံ့ဖြိုးရေး ဒဏ်ဝို ခံနေရမြင်းဟို တတ်နိုင်ဗီ ဆိုမျိုးဗဲ့ ပြောရမယ်။

အယ်လော၀ါ ဖွံ့ဖြိုးရေး ဆိုဇာဝို ပ္လွန်စဉ်းစား ဟို့ ခီတန်ဗီ၊ ခီဂို လွှန်နေဗီ ဆိုဇာ မျိုး တွေးမိပါဟာ့ယ်။

■ ■ ■ ■



# ချင်းလေဟှာဆင့် ဒွယ်မှတ်သာရုပ် လတ္တကာရဲ့ ပကာတိဟို လှမ်းကော့ဟီခီမာ

■ သည်မွန်

တိုင်းရင်းသား လူမျိုးစုလိုက် သူးနို့ ဘာသာဂါးန ရေးဖွဲ့ဟှားတဲ့ချင်းလေဟှ သတ်ဆိုင်ရာ လူမျိုးစုလေရဲ့ လူမှုဘဝ၊ ဖြစ်တယ်မှု၊ ဓလေ့ထုံးတမ်းန သမိုင်းကြောန်းလေဟို ဖော်ကျူးရာမာ တော်တော် ရေးပါဟာယ်။ အယ်မျိုးဗဲ့ လူမျိုးစုခုရဲ့ ဖြစ်ပေါ်တိုးတက်မှုဟို ခေရာကောတ်ရာမာ ရေးကီးဟီ ခန်းကဏ္ဍမာ ပါဝမ်နေပါဟာယ်။

မြန်မာနိုင်ဂံမာ တိုင်းရင်းသား လူမျိုးစုကိုယ်စီဟှ ကိုယ့်ဘာသာစကားန ချင်းလေဟို ရေးဂေ့၊ ဆိုဂေ့ပြီး လတ်ဆင့်ကမ်းလာခဲ့ဟာယ်။

လူမျိုးစုခုရဲ့ အားကောန်းမှုန သတ်ဆိုင်ရာ ဘာသာစကားန ရေးဟွားဆိုဟွားဟီ ချင်းလေ ဟာယ်မျှ စုံစုံလင်လင်ရှိ ဟာယ်၊ ဟာယ်မျှ ပေါ်မျှားဟာယ်၊ ဖန်တီးမှုအား ဟာယ်မျှ ကောန်းဟာယ်၊ အယ်မုံ ဖန်တီးမှုလေတွပ် ရင်းမြစ် ဟာယ်မျှ ကြွယ်ဝဟာယ်ဆိုဇာလေန တိုက်ရိုက် ဆစ်စပ်နေဟာယ်။

ဒွယ်မှတ်သရုပ်လတ္ခဏာရဲ့ ပကတိဟို သိရှိနားလည်ဟို့ဆိုဟွာလည်း ဒွယ်လေရဲ့ ဘာသာဂါးန စာပေ ဖွံ့ဖြိုးမှု၊ ယဥ်ကျေးမှုနပတ်သတ်ဟီ ဖန်တီးထုလောက်မှု၊ စုစုစည်း စည်းန လှူပ်ရှားတတ်ကြွမှု၊ စယ်းနှောန်အားကောင်းဟီ မှတ်သရုပ်လတ္ခဏာဖြစ်ထွန်း မှုလေရဲ့ပကတိ အရှိဟို စွဲကင်းကင်း စိရှင်းရှင်းန နားလည်အောန် ကြိုးစားဟို လိုအပ် ပါဟာယ်။

ယေဘုယျအားဖြင့် ဒွယ်လေရဲ့မှတ်သရုပ်လတ္ခဏာန ပတ်သတ်ဟီ သတ်ဆိုင်ရာ ကဏ္ဍလိုက် ဖြစ်ပေါ်တိုးတတ်မှုလေဟှ ခြား ကရင်၊ မွန်၊ ရခိုင်၊ ကချင် စတဲ့ တိုင်းရင်းသားလေန နှိုင်းယှဉ်ဆိုဟွာ အားကောန်းဘဲဟီ နေထားမှာ ရှိနေဇာကို ဒိထား မိဟာယ်။

ယဥ်ကျေးမှုဆိုင်ရာ ရင်းမြစ်လေဟှ လူမျိုးမျိုး အုပ်စုခုရဲ့မှတ်သရုပ်လတ္ခဏာ ဖြစ် တယ်မှု ပါဝမ်ပတ်သတ်ဟာယ်။ ဂီတတို့ ချင်းတို့ဆိုဇာ ယဥ်ကျေးမှုဆိုင်ရာ ရင်းမြစ်လေ ထဲဟှ ခုဖြစ်တယ်။ သူဟှ လူလေရဲ့ မှတ်သဉာဏ်လေ၊ တန်ဖိုးထားမှုလေဟို မျိုးဆစ် လိုက် လတ်ဆင့်ကမ်းလာရာမာ ရေးပါမျိုးဘဲ စုဖွဲ့စိဖြစ်ထွန်းမှု၊ စယ်းနှောန်မှုလေတွပ် လည်း ရေးပါဟီ ခန်းကဏ္ဍရှိဟာယ်။

ဒွယ်လေရဲ့ဂီတဆိုင်ရာ တိုးတတ်ဖြစ်ထွန်းမှုဟှ သူ့ရဲ့မှတ်သရုပ်လတ္ခဏာဟို အား ကောန်းအောန် ထောတ်ပံ့ကောန်းကောန်းဖြစ်လောတ်ထိ ပီးပီပြင်းပြင် မှေ့ခဲ့ဘဲဇာ ဟို တွိရဟာယ်။ ခြားတိုင်းရင်းသား လူမျိုးစုလေဟှ ဘာသာဂါး ဖွံ့ဖြိုးမှု၊ စည်းလောင်း မှု၊ စယ်းနှောန်မှု အားကောန်းရေး၊ ယဥ်ကျေးမှု ဓလေ့ထုံးတမ်းလေဟို လတ်ဆင့်ကမ်း ရေး ဆိုဇာမျိုးလေမာ သတ်ဆိုင်ရာ ဘာသာဂါးန ချင်းလေဟို ရေးဖွဲ့ ဖြန့်ချိဇာမျိုးကို ရှိဟူန လုပ်ခဲ့ဇာ၊ လုပ်နေဇာဟို တွိရဟာယ်။ အယ်ထိ ဒွယ်လေမာလောဟာ ကိုယ့်

ဂီတ၊ ဘာသာဂါးန ရေးဟားဆိုဟားဟူချင်းလေ ထုလုတ်ဖြန့်ချိ လတ်ဆင့်ကမ်းမှုမှာ တိုင်းတာအားဖြင့် နည်းနေသေးဇာ တွိရဟာယ်။ ပြီးခဲ့ဟီနှစ်ဟှ ဒွယ်လိုန်ဆိုဟှားဟီ ချင်းလေန ဒွယ်မှတ်သရုပ်လက္ခဏာဟို ချီထိုးဘီး လေ့လာကေ့ဖြစ်ဟာယ်။

## ဒွယ်ချင်းလေရဲ့ပကတိ


ဒွယ်လူမျိုးလေရဲ့ ယဉ်ကျေးမှုဆိုင်ရာ ရင်းမြစ်ဖြစ်ဟူ ဒွယ်ချင်းလေဟို ရိုးရာချင်းန ခေတ်ပေါ်ချင်းဆိုဘီး မျိုးစား နှေ့မျိုးခွဲဘီး ကေ့ဖြစ်ဟာယ်။

လတ်ရှိ ဒွယ်လူမှုသိုက်ဝန်းဟှ အွန်လိုင်းထက်မာ ယူကျု့ပလက်ဖောင်း နောန်မယ် မျိုးမျိုးန တန်နေဟှားဟီ ထားဝယ်လိုန် ဆိုဟှားဟီချင်းအားလုံးနီးပါးဟို စုစည်းလိုက်ခီမာ ဒွယ်လိုန်ဆိုဟား ဒွယ်ရိုးရာချင်း ပုဒ် ၃၀ န ခေတ်ပေါ်ဒွယ်ချင်း ၂၈ ပုဒ် တွိဟာယ်။ အဲမုံ့ချစ်လစ်ရဆိုဟာ လူထုကြားထဲဟို တရားဝမ် ကျယ်းကျယ်ပြန့်ပြန့် ဖြန့်ချိဟှားဟူ ဒွယ်လိုန်ဆိုဟှားဟူ ချင်းဟှ ဒွယ်လူမျိုးလေရဲ့ သမိုင်းလျှောက်မာ ပုဒ် ၁၀၀ အောက်မာပဲ ရှိလားဆိုဟီ မေးခွန်းပေါ်လာဟာယ်။ သေချာဇာဟှလော ရှားလွန်း နည်းလွန်းဇာလော သေချာဟာယ်။

ခုလေ့လာမှုအရ ချင်းလေမာ လူမှုဘွ၊ ဒဏ္ဍာရီ၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ ချစ်လွမ်း ဆိုဘီး ချင်းမျိုးစား ၅ မျိုးရှိဇာဟို တွိရဘီဟာ နိုင်ငံရေး၊ လူထုလှော်က်ရှားမှုနဆိုင်ဟီ ချင်းလေ ဒွယ်လိုန်ဆိုဟှား ထုဝေဖြန့်ချိဟှားဇာ မတွိရဟှ။


ထားဝယ်ရိုးရာချင်း ပုဒ် ၃၀ ဟို လေ့လာခီမာ မျိုးစား လေးမျိုးရှိဘီးဟာ လူမှုဘဝဆိုင်ရာ – ၅၇ ရာခိုင်နှုန်း၊ ယဉ်ကျေးမှုဆိုင်ရာ – ၂၀ ရာခိုင်နှုန်း၊ ဘာသာရေးဆိုင်ရာ – ၁၃ ရာခိုင်နှုန်းန ဒဏ္ဍာရီဆိုင်ရာ ၁၀ ရာခိုင်နှုန်း ရှိဟာယ်။ အများဆုံးဟှ လူမှုဘဝနသက်ဆိုင်ဟူ ချင်းလေ ဖြစ်ဇာ တွိရဟာယ်။

## ဒွယ်ရိုးရာချင်းများ




ဒွယ်ခေတ်ပေါ်ချင်း ၂၈ ပုဒ်ဟို လေ့လာကော့ခ်ီမာ ချစ်ခြင်းဖွဲ့ ၅၀ ရာခိုင်နှုန်း၊ ဘာသာရေး ၄၃ ရာခိုင်နှုန်း၊ လူမှုဘွ ၇ ရာခိုင်နှုန်းရှိဟာယ်။

## ဒွယ်ခေတ်ပေါ်ချင်းများ



ဘာသာရေးန ပတ်သတ်ဟူ ချင်းအားလောင်းဟ့ ခရင်ယာန်ဘာသာရေးချင်းလေ ဖြစ်ဟယ်။ ဗုဒ္ဓဘာသာန ကျုန်ဟီ ဘာသာလေဟ့ ဒွယ်လိုန်ဆိုဟ့ားဟူ ဘာသာရေး ချင်းလေ မှေ့ဘဲဇာဟို တွိရဟယ်။

ဒွယ်နူပညာရှင်လေ ဒွယ်ဒေသရဲ့ ဘာသာရေးန ပတ်သတ်ဘီး ဖန်တီးဟ့ားဟူချင်း လေဟ့ အားလုံး ဗမာလိုန ရေးဟ့ားဆိုဟ့ားဂေ့ဟယ်။ ဒွယ်လိုဆိုဟ့ားဟူ ခေတ်ပေါ် ချင်းလေမာ ဖန်တီးလူ ပိုဘီး ကွဲပြားစုံလင်ဘီးဟာ ရည်သွေးလည်း ပိုကောန်းလာ ဟယ်။ အယ်ထိလည်း ရှစ်ကြောန်း လွှန်းကြောန်းနပတ်သက်ဟီ ချင်းလေဟ့ မျ့ားစု ဖြစ်ဟယ်။

ဒွယ်လိုန်ဆိုဟ့ားဟူ ရိုးရာချင်းမျ့ားစုဟ့ ဦးကိုကိုကြီး ဖန်တီးဟ့ားဇာတွိရဘီး ရိုးရာ ပွဲတော်လေမာ ဖျော်ဖြေဟီ ကချင်းလေဖြစ်ဟယ်။ ချင်းမျိုးစားန ဖန်တီးဟီလူ စုံလင် ကွဲပြားမှု အားနည်းဇာဟို တွိရဟယ်။

ဂီတမျိုးဆစ်နေနလည်း မျိုးဆစ်ခုန ခုကြားမာ ကွာဟနေဇာဟို တွိရဟယ်။ လူထု လှော့က် ရှ့ားမှုရှထောန့်ဟ့ကေ့မယ်ဆိုဟ့ာ နိုင်ငံရေး၊ လူမှုရေးလှော့က်ရှ့ားမှုလေန ဆစ်စပ်ဟူ ဒွယ်ချင်းလုံး၀ မှေ့ဘဲဇာဟို တွိရဟယ်။

## ဒွယ်ချင်းလေရဲ့ ပကတိန မှတ်သရုပ်လတ္တဏာ အားကောန်းရေး

ဒွယ်ချင်းလေရဲ့ ပကတိ ခြေနေဟို လေ့လာတွိရဇာရ ဒွယ်လိုန်ဆိုဘီး အွှန်လိုင်း ထတ်မာ ကျယ်းကျယ်ပြန့်ပြန့် ဖြန့်ချိဟ့ားဟူ ချင်းပုဒ်ရေ ရာအောတ်မာဘဲရှိဇာ၊ ရိုးရာ ချင်းလေမျ့ားစုဟ့ ဦးကိုကိုကြီး ဖန်တီးဟ့ားဇာ ဖြစ်ပြီး ဖန်တီးဟီလူ ကွဲပြားစုံလင်မှု အားနည်းဇာ၊ ဒွယ်ချင်းဖန်တီးမှုဟို မျိုးဆစ် ခုဘီးခု ဗျူဟာမြောတ် လတ်ဆစ်ကမ်းဘီး ဟာ ဖွံ့ဖြိုးအောန် လောက်ခဲ့ဘဲဇာန ချင်းရေးဟ့ားဟူ ကြောန်းရာလေဟ့ လူမှုဘ၀၊ ဒဏ္ဍာရီ၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ ရှစ်/လွှန်းချင်းလေဘဲ့ရှိဘီး လူထုလှော့က်ရှ့ားမှု၊ နိုင်ငံရေးရ ရူးကန်ရမှုလေနပတ်သတ်ဟီ ချင်းလေမမှေ့ဘဲဇာဟ Social

**Identity Theory, Social Constructivism, and Resource Mobilization Theory** ရှုထောင့် လေရသုံးသပ်ကေ့မယ် ဆိုဟာ ဒွယ်မျိုးသားလေရဲ့ မှတ်သရုပ်လတ္ခဏာဟို စနစ်တကျ တယ်ဆောက်မှု၊ ရှုးကန်လှောက်ရှားမှု အားမကောန်းဘဲဇာဟို တွဲရဟာယ်။

**Social Identity Theory, Social Constructivism** ရှုထောင့်လေရ မှတ်သရုပ်လတ္ခဏာလေဟှ လူယောတ်ချင်းစီရဲ့သိမှတ်မှု (**Knowledge**)ဟို ခြေခံဘီး ကိုယ်ဟှ ဖယ်လူမှုသိုက်ဝန်းရဲ့ စုဖွဲ့ဝမ်ဖြစ်ဟာယ်ဆိုဇာဂို ရောက်လောင်းဖော်ဘီး စုဖွဲ့နေထိုင်ဂေ့၊ သိုက်ဝန်းဟို တည်ဆောက်ဂေ့ဇာ ဖြစ်ဟာယ်။ အခုချင်းလေဟို လေ့လာမှုအရ ဆိုဟာ ဒွယ်လေဟှ ကိုယ့်မှတ်သရုတ်လတ္ခဏာဟို တည်ဆောက်မှုပိုင်းမာ လူယောတ်ချင်းစီရဲ့ သိမှတ်မှု(**Knowledge**) ကို ယဉ်ကျေးမှု ရင်းမြစ်ဖြစ်ဟီ ချင်းလေန အားဖွ္လည်ဲ့ ပံ့ ပိုးဘီး ဗျူဟာ မြောက် လုပ်ရစ်ဇာမှေ့ဟှဆိုဂြောန့် ကောတ်ချစ်ခ္လနိုင်ဟာယ်။

ဒွယ်လေဟှ ကိုယ့်မှတ်သရုတ်လတ္ခဏာဟို တည်ဆောက်မှုပိုင်းမာ လူယောတ်ချင်းစီရဲ့ သိမှတ်မှုကို ယဉ်ကျေးမှု ရင်းမြစ်ဖြစ်ဟီ ချင်းလေန အားဖွ္လည်ဲ့ ပံ့ပိုးဘီး ဗျူဟာမြောက် လုပ်ရစ်ဇာမှေ့ဟှဆိုဂြောန့် ကောတ်ချစ်ခ္လနိုင်ဟာယ်။

အယ်မှုဇာဟှ ဒွယ်မျိုးသားရေး မှတ်သရုတ်လတ္ခဏာရဲ့ ပကတိ ခြေနေဟို ထန်ဟာက်စေဟီ ချစ်လေ မျှားစွာထဲဟှ ချစ်ဖြစ်ဇာဟို တွဲရဟာယ်။

အယ်းမှုပြင် **Resource Mobilization Theory** ရှုထောင့်ရ လူထုလှောက်ရှားမှုလေ၊ မှတ်သရုတ်လ

တ္ခကာဆိုင်ရာ ရူးကြွမှုလေမာ ယဥ်ကျေးမှုဆိုင်ရာ ရင်းမြစ်လေဟို စနစ်တက္လ ရယူနိုင်ဇာ၊ ဖန်တီးနိုင်ဇာ၊ စုစည်း သောင်းပြုနိုင်ဇာလေဟှ အဲမှုလှောက်ရှားမှုလေ အောန်မြင်ရေးတွမ့် သတ်သွီးကြောလေထဲဟှ ခုဖြစ်ဟာယ်။

ဒွယ်ချင်းလေမာ လူထုလှောက်ရှားမှု၊ နိုင်ငံရေးရ ရူးကန်မှုလေနဆိုင်ဟှ ချင်းလေမှေ့ဘဲဇာဟှဟို ထောက်ရှုကေ့မယ်ဆိုဟာ ဒွယ်လေနေန နိုင်ငံရေးရ ၊ မှတ်သရုတ်လတ္ခကာရ ရူးကန်လှောက်ရှားဟို ဆန္ဒပြင်းပြခဲ့ဂေ့ဘဲဇာလော။ ခြားရှုထောန့်ဟှ ကော့ရမယ်ဆိုဟာ စဘီး ရူးကြွဟို ခေတ်ဆစ်ဆစ် ခွမ့်လမ်း မှုခဲ့ဂေ့ဟှလေဆိုဇာ မေးခွန်းရှိနေဟာယ်။

အယ်းမှု မေးခွန်းတွမ့် သေချာဟှု ကောတ်ချစ်ဖြေဟို ခြားထည့်သွမ်းလေ့လာရဟို့ဟှု ရှုထောန့်လေဖြစ်ဟီ ဒွယ်နိုင်ဂံရေး သမိုင်းကြောန်း၊ ဒွယ်စာ/ဂါး၊ ဒွယ်လူမျိုးလေရဲ့ ဇစ်မြစ်၊ ဒွယ်ရဲ့ ပထဝီနေထားန လူမှုစီးပွားခေ့ြနေပါ၀မ် ခြားထည့်သွမ်းစဉ်းဇားရဟို့ဟှု ချဉ်းကပ်မှုလေ န ပ္လည့်ပ္လည့်စုံစုံလေ့လာဘီးမှဂါဘဲ့ သိနိုင်မယ်။

ဟာယ်မျိုးဘဲ့ဖြစ်ဖြစ် ဒွယ်ချင်းဖန်တီးမှုနပတ်သတ်ဘီး စုံလင်ကွဲပြားမှု၊ ပမာဏန ရှိဟှုအားကောန်းခဲ့ဘဲဇာဟှ ဒွယ်လူမျိုးလေရဲ့မှတ်သရုတ်လတ္ခကာ အားနည်းရဟှုပေါ်သတ်ရောတ်နေဟှု ကြောန်းရင်းခုဖြစ်နေဟာယ်ဆူဇာဟို ခုလေ့လာမှုဟှနေဆစ် တွို့ရပါဟာယ်။

■ ■ ■ ■



# ငှတ်ကေ့မယ်

■ နောင်းငှတ်လူ

ငှတ် ကေ့မယ်ဆိုဟှို ပြောခီမာ ရှားဖြစ်ဂြောန့် ကေ့ရဟှို့နူးဆိုဇာ ပြောဟှို့ လိုလာဗီ။

ငှတ် လေဘဲ့ နို့နားမာ ဘောင်ဂီး ပေါ်ဆိုး၊ မြင်နေရဘဲ့ ဆီဟှို ပြောဂှဲ့ဟှာယ်။ တကယ်လောဂ်ါ မြင်ဖူးနေဝို ငှတ်လေပြင် ခြားနေရာဟှာနေ ရှစ်သား အီးခလည့် လာဝို ငှတ်လေ၊ ဆောန်းလာခိုဝို ငှတ်လေ၊ တောန်ညောင်းဂြောန့် ရှစ်သား လာနားဝို ငှတ်လေ မျိုးဇောင် ရှေ့ပါ်ဟှာယ်။

ငှတ်လေ သွားလာနေဇာလေ၊ ကောန်ရေ များလာ နည်းလာ ဇာလေဝို ကေ့ဗီး ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်၊ ဂေဟာသဘောတရားလေဝို ဆစ်စပ် စဉ်းစား လေ့လာနေရ ဇာလေမျိုး ဖြစ်ပါ်ဟှာယ်။ ထမ်ရှားဆောင်း ဆိုဂ်ါ စာရေးဆရာမ ရေချယ်

ကာဆင် ရေးဝို နော်မည်ကျော် စာအောက် ခေါ်နီးစဥ်ဝို ကေ့နိုင်ပါဟှာယ်။ ' Silent Spring ' ဇေလ့ဲ။ ဒွယ်လို ဘာသာပ္လန်မယ်ဆိုဂါ တိဆိန္တိဦး။ နို့ဦးဝမ် လာခီမာ ငှတ်သံလေ ကြားရဟာန်းဘဲဇာဝို သူ့စာအောက် ခေါ်နီးစဥ်တပ်ဟားဟှာယ်။ အဲစာအောက် ဆိုဂါ လူလေဗြောန့်ဟှိ သဘာဝပတ်ဝန်းကျင် ပျစ်ွီး လာဇာလေဝို ထော တ်ပြဟားဝို ကမ္ဘာကျော် စာအောက်။ ငှတ်သံကြားရဟာန်းဘဲဇာ၊ ငှတ်လေသေကူဇာ၊ ငှတ်လေမှေ့ဟာန်းဘဲဇာ လေဟှာ ဟာယ်မျှလောတ်ထိ သဘာဝ ပတ်ဝန်းကျင် န ဆစ် စပ်နေန္နးဆိုဇာ ပြောပြဟားဇာဗ့ဲ ဖြစ်ပါဟှာယ်။

ငှတ်ကြောန်းလေဝို ရေးစိုက်ဂ့ဲဘဲ ဆိုလောဂါ ကိုယ့်ဂါနားမာ မြင်နေမြော်နေရဝို ငှတ်လေ ကြောန်းဂိုဘဲ့ စောင်အောန်သိဟို့ ခတ်လာဟှာယ်။ နော်မည်ရား မျှာဘ့ဲ သိ ရယ်။ သယ်ဂိုဘ့ဲ စောင်အောန်သိဟာန်း။ အီနားမာ အီးဇာဟှားရှေ့မယ်၊ ထန်းရှစွာဟှား ရှေ့မယ်၊ ခိုလေ၊ ချိုးလေ၊ ကွ္လီးလေ ရှေ့မယ်။ နို့တတ်လာခီရာ မျှားမျှားကြားရဝို ကူဂါး ( တူဂါး ) ရှေ့မယ်။ တောလေ၊ တောန်လေ၊ ခ္လောန်းလေ၊ မ္လစ် ( မြစ် ) လေနှ့ နီးလူလေ ဆိုလောဂါ ငှတ်စောင် ပိုမြင်မယ်။ လယ်ဗ္လန်ထဲမာ ဖ္လူဖ္လူနှ့ ဗျိုင်းလေ၊ ချိုးသီးရား၊ ငှတ် ခါး၊ ငှတ်ဗွီးဇောန်း၊ ကျေး၊ သာလိကာ စောင်ဗ့ဲ။

သယ်မျိုး သဘာဝပတ်ဝန်းကျင်န ဆစ်စပ်ဗီး ငှတ်နော်မယ်လေ၊ လိဆန်နော်မယ် လေ၊ ပန်နော်မယ်လေန သူးနို့ ဘာဝဝို နားလည်သိနေဇာဝို လေ့လာဇာမျိုးဝို ဘာသာ ဂါး ရှုထောန့်ဝနေဗီး ကေ့ဇာမျိုးဝို ( ဂါးလောင်းလေန ပတ်သတ် ဆစ်စပ်ဗီး လေ့လာ ဇာမျိုး ) အန်းဂလိလို ပြောဂါ ( Ecolinguistics )၊ ဂ်လိုဆိုဂါ ဂေဟာဘာသာ ဗေဒဗ့ဲနား။ သယ်မျိုး လေ့လာလိုက်ရာ ကိုယ့်ဘာသာ ကိုယ့်ဂါးန ပတ်ဝန်းကျင် ပန် လေ လိဆန်လေ ဝို ဖယ်မျိုး ခေါ်ဂေ့ဟှာယ်၊ ဖယ်မျိုး ဆစ်စပ်နေဟှာယ်၊ ဖယ်မျိုး ဂါး လောင်း ခေါ်လေ့ ရှိဟှာယ် ဆိုဇာ ထွမ့်လာနိုင်ပါဟှာယ်။

ခုခေတ်ဆိုဂါ ရင်ဒူးခီရမျိုး တောဂေါ်န်လေ စောင်ဟာန်း၊ လူလေဟှာလည်း သဘာ ဝန ဝီးလာဗီးရာ သူး နို့ဝို ရေးစိုက်နေနိုင်ဟာန်း၊ ငှတ်နော်မယ်လေ၊ လိဆန်နော်မယ် လေ သိဘဲဗြောန့်လည်း ရှားလည်း မဖြစ်၊ ရေးစိုက်ဇာမျိ ဆိုဇာမျိုး ဖြစ်လာဟှာယ်။

ကိုယ့်ဂါးထဲမာ သယ်ကောန်လေကြောန်း ထည့်ဂို ပြောဖြစ်ဟန်း ဆိုဇာမျိုးဘဲ့နား။ ဒိ ဂိုထားမိဟန်း။

သယ်လောဂါ အဲလိဆန်လေ၊ ပန်လေ၊ ငှတ်လေ န  ပတ်သတ်ဂို ဗဟုသုတလေ၊ နော်မည်လေ ကိုယ့် ဘာသာဂါးထဲရနေ ပျောတ်ကူလိုက်ဟှာယ်။ ချို့ဆိုဂါ နော်မည်မျှ ဗဲ့ ကြားဖူးဝယ်။ ပေါင်မျှဗဲ့ တွိဖူးဝယ်။ တကယ် နားမလည်ဟန်းဘဲ ခြေနေမျိုး ဖြစ် ဟှားလိုက်ရယ်။ သယ်လောဂါ ကိုယ့်ဘာသာဂါးန ခေါ်ဟို့ မှေ့၊ နားမလည်၊ ဂါးလောင်း ဆင်းရဲ ဂိုခြေနေမျိုးလေ ဖြစ်လာဟှာယ်။ ခုခုဆိုဂါ ကိုယ့်နားမာ မြဲဖြင်နေရဂိုဇာလေဂို ကိုယ့်ဂါးန ခေါ်မျှဘဲကြောန့် ဂံလိုန သောင်း၊ အန်းဂလိလိုန ရှာ သယ်မာမျိုး ဖြစ်ဟှာယ်။ အယ်မျိုးဆိုဂါ ကြာလာဟှာ ကိုယ့်ဂါးလေ ပျောတ်ဗီး သူများဂါးခဲ ယှူယှူသောင်းရင်းန ကိုယ့်မာ လောင်းပါးပါး လာမယ်ထန်ဟှာယ်။

သယ်မျိုးနေထားမျိုး ရောတ်ဘဲနေအောန် ကိုယ့်ဂါးမာ ပြောဇာ သောင်းဇာ ဂါး လေ တိုးလာအောန်၊ သူများဂါးဂိုခဲ မှီခိုနေရဇာမျိုး ဖြစ်ဘဲနေအောန် နော်မည်သစ် ပေးတန်ပေး၊ ရှေးဒူးဝ ခေါ်ဝေါ်လေဂို ပ္လွန် လေ့လာ၊ ပ္လွန် ဖော်ထု၊ ပ္လွန်သောင်း ဇာလေ မျိုး လောက်ဂဲ့ရမယ်ဆီဟို ထန်ဟှာယ်။ ငှတ်ခုဒည်းခု မှုဝ။ ကျွန်ဇာလေမာလည်း ဖော် ထု၊ မှတ်တမ်းလောက်၊ နော်မည်သစ်ပေးတန်ပေး၊ ဂါးလောင်းသစ် ခေါ်တန် ခေါ် ဇာ လေမျိုး လောက်သင့်ဂဲ့ပါဟှာယ်။

ငှတ်ကြောန်းဂို ပ္လွန်ဆစ်ရမယ်ဆိုဂါ ကိုယ့်နားဂိုလာနေဂို ငှတ်လေ ဂို ကော့၊ လေ့လာ၊ ပီးရာဆိုဂါ နော်မည်ဖော်ထု၊ မှတ်တမ်းတန်၊ သယ်မျိုးဇာလေ လောက်နိုင်ရာ ရရာ ကောန်းပါမယ်။ ခြားနိုင်ငံလေမာဆိုဂါ ငှတ်ကော့ဇာဟှာ ဂူးဂဂိုဘဲ့ ကတ်ကူခံဗီးလောက်ဂဲ့ ဇာမျိုး၊ ခြားနိုင်ငံဟှာ ငှတ်ကော့ ဂါသနာပါလူလေ လာကော့၊ အီးခလည်ဗီး ငှတ်လာကော့ ဆိုမျိုးကြောန့် ဂါခံ နယ်ခံလေလည်း တဖတ်တလမ်းဟှာ ကတ်ရနိုင်သေးဟှာယ်။ လောက် ကိုင် ရနိုင်သေးရယ်။ ငှတ်လေနေအောန် တောလေ ထီးသီးရကြောန့်လည်း ပတ်ဝန်း ကျင်ထီးသီးရေးတွမ့်လည်း ကောန်းနိုင်ဟှာယ်။

ဒွယ်မ္လွစ်ထဲ ဆင်းရားလိုက်ဆိုဂါ မ္လွစ်ကြောန်းဒေါတ်လျှောတ် နိတောလေ၊ ယပ်

တောလေနားမာ၊ ရေလယ်ကျွန်းဟျားလေ၊ နူးပ္လွန်လေနားမာ ငှတ်လေစောင်ဘဲ့။ သယ်ဒေသ မျိုးရင်းလည်း ရှေ့မယ်။ အီးခလည် ရှစ်သား ဆောန်းလာခိုဝို ငှတ်လေလည်း ရှိနိုင်ဟျာယ်။ နည်းဆောင်း သယ်ကောန်ဂါးလေ ကိုယ့်နားမာ တွိရနေဆိုဂါ၊ ကိုယ့်ရပ်ကိုယ့်ဂါဟျာ သူ့နို့ဝို နေ်မည်ပေးသင့်ပါဟျာယ်။ ရပ်ခေါ် ဂါခေါ် ကန်းဗွန်းတပ် လောက်ပေးသင့်ရယ်။ သယ်မှာဘဲ့ ကိုယ့်နားမာ တွိနေရကောန်လေဝို ရင်းရင်းကားကား ကိုယ့်ဂါးန  ခေါ်ဟို့ရမယ်။

နောတ် မှူဘဲနေရာ ကိုယ့်နားမာ ငှတ်လေ ဘောင်ဟျီးရှိနေဗီးရာ သူးနို့ဝိုခေါ်ဟို့ ဂါးမှေ့ ၊ နေ်မည်မှေ့ ဘဲ ဂြောန့် သူမျှားဂါးခဲ ယူသောင်းနေရမျိုးဆိုဂါလောဂါ မျှားမျှားဆင်ပြေဟို့ မှူဝ ဆီဟို ထံပါတယ်။ ကိုယ့်ရပ် ကိုယ့်ဂါး ဒွယ်လို န  ငှတ်နေ်မည်လေဘောင်ဟျီးရှိလာပါစေ။ ခြားဇာ နေ်မည်လေလည်း ရှိလာ၊ သောင်းလာ၊ တွမ်လာပါစေ။

■ ■ ■ ■



# သောမန်းဇာ

■ မောင်လေးငယ်

" ရေမွှောက်ဗီးသေ၊ သစ်ပန်ထက်ဟှ ကွာဗီးသေ၊ ဗွီခေါ်က်ဟိသေ၊ ဖျှားဗီးသေ၊ နာဗီသေ၊ ရဲဖမ်းဇားဟိသေ၊ မီးဒွမ်းထဲမာသေ ၊ .........သေ၊ ............သေ၊ ...........သေ "။

ကီးသီးကျှင်ဟှား ကွမ်းခွေးတငေါ်င် ငေါ်င်ဟှားဗီး ဇပ်ပေါ်က်ဟှ နားဘဲ တွက်တွက် တွက်တွက် ရွှတ်နေဟာယ်။ သူ့ဇာဟှ သေနည်းဘောန်းစုံသေဟူ မသာလေဟို " တ " နေဇာ။ သတ် ရှေ့ဆယ်ပွည့်ဟှမယ်ဆိုလောဟာ သူ့သံဟာ ပီဟာန်း။ သယ် တိုင်း ဂါးပြောခီမာဂို ပီဝဲဇာ၊ သေမန်းဇာကိုးနေဟာယ်ဆိုလောဟာ စဉ်းဘဲ့ စဉ်းဇားယူ ဟော့။

လူဖျှားဟို ခွီးကာဒတ်မာ လှေဂါးဖတ် ခေဆင်းဗီး ထိုင်ခိုင်းဟှားဟှယ်။ လတ်နှေ့

ဖတ်ဟု နွေတဂျပ်သားလေ မတ်စီလောတ်ခြားဗီး ရိုက်ဟားဟူ ကြမ်းဗွားမာ နောတ်ပွှန်ထောတ်။ သတ် ၄၀ ထဲ ဝမ်နေမီးမဆိုလောဟာ သွီးလောဟှာလေလော ဆောင်းသေးဟှ။ အယ်ဗေမ့် သယ်မီးမ နာထူဇ။ နှာ့ခါ နှာ့ခါ ဖျှားဇားနေဗဲ့။ ခုမျိုး မိုးဦးဂွလဆို ဖျှားဗီ။ မိုးရိုဂိုဖြင်င်ဟီမွှရှ ဖြစ်ရဟူဂ။ ဆံးဘန်ဟားဂို ဘန်နွှေပန်ဝှဲ့ ကျန်ဗီ။

မိုးလန်းဒတ်လာန ရှေ့အီဟှ မီးလှုနနွှေယောတ် ယင်းခွမ့်လုံးဇီဆွဲ၊ ညဉ့်ခန်းဒူးဟှ ကျန်ဟူ မှန်းရှမ်းခဲဟားခဲ ဘော်ဂျိုင့်ထဲထည့်၊ ပိထောန်းဟှား လတ်မရှိလောတ် တဒစ်ပစ်ထည့်၊ ခွှောန်းဘေးမာ ဖန်းခါးသီးပေါ်ဇ။ အဲမိဇာ ဟန်းဘဲ့။

ဖန်းခါးသီး ပိထောန်းစားဟို့ ပြောနဦး။ ခဲယင်းနေဂ ဖီဂိုဝှဲ့ ရေစွတ်သေး။ သယ်မီးမ ဆတ်ဆတ်တူဒတ် လာဗီ။ မိုးဟှလည်း အဲမျိုးညွှင်းအေးဇမူဟှ။ သူ့ဖီထောန့်ထဲ ယင်းခွှေးဟှ ဥသျှစ်သီးမျှကိုဝှဲ့ မရသေး၊ ကောန်ဟှ မီးဘောင်ဖြစ်နေဘီ။ မွှရှ။ မီးလှုယောတ်မ ယင်းခွှေးဂေါ်က်ထဲ ရှစ်ခွှေးသား ဝမ်လှဲ့နေဦးမဲ့။

သူမျှားလေ မှန်းစားဟို့ ယင်းခွှေးဂေါ်က်ထဲ ယောတ်ပီးယောတ် ဝမ်လာထိုင်နေဂို ဒိထားမိဟှ။ မီးလှုဝမ်လာဘီး " ဂါ၊ သယ်မီးမယောတ် ပျောတ်ကွှနေဟူ စစ်က စစ်က သူဟှ ရှစ်ကွှစ်ပန်ထတ်မာ ဆိုမျိုးမား " ဆီဟိ ရွှတ်တန်မှ မျှစ်လုံးဖွှမ့်ကေ့မိဟယ်။ မွှန်းစွှန်းနေဗီမား။ ဖျှားလောဟှာ ဒစ်ဟား ကွှဟားဗီ။ မီးလှုယောတ်မ ယင်းခွှေးဂုတ်ထဲမာ ထားနေကျ ဖီခြောတ်ခြောတ်ဟားထည့် ကောတ်လဲဗီး မလှုရှင်မှန်းဇံထဲဟ ရှစ်ကန်းဟား နွှေခြမ်းတောန်းဗီး ပိထောန်းဟှားနစား၊ မီးဇဟှား ဒစ်သားကျန်နေဟူ မီးဘောင်ဟို ယပ်တန်ခတ်တန်ဗီး ရေဘူအိုးဟှား လောင်းတည့်၊ ယင်းခွှေးဂေါ်က် ခေါ်န်မိုးမာ ဟို့လူအယ်လူ နီးဟူမျိုး ဆွဲကြေးလာဗီး ထိုးဒန်ဟားဟူ မောက်ဆိုးလှုံဟှား နွှေခတ်ဖျှင်ဗီး ရေဘူအိုးထဲ ပစ်ထည့်၊ သံထည့်ဟို့ ယူလာဟိ နှာအောင်းဘိုင်းန နွှေခွှမ့်ခပ်သောတ်လိုက်မှဝှဲ့ ဝန်းထဲမာ နွီးဒတ်ဟားဝှဲ့။

အီလောဟာ ငါမပွှန်၊ ပွှန်ဟိလဲ မဖြစ်။ သယ်နေ့ ခဲခွှေးဟှား လုံးလဲ လှုလှုမှုသေး။ မိုးဟှလည်း ကီးဒတ်လာဘန်ဗီ။ အယ် . . . ဖျှားမဲ့ ဖြစ်ဖြစ်လှဲ့။ မိုးမန်းဂီးဝေး ကျှယ်

မလာဘီ။ အဲ့နဲ ဂွဲ့ နေပျောတ်မှ ဗ္လောန်းထဲဟှာ တတ်ဖြစ်ဟယ်။

တောန်ထတ်ဟှာ သူးဖ သယ်နေ့စောစော ဆင်းလာဟယ် ဖြစ်မယ်။ သံလဲရဇမူဟှာ သူ့မာ။ အယ်မျိုးဂွဲ့ မိုးလန်းဒတ်လာဟှာ မှန်းရှမ်းဟှားခဲ ရေန ဖျောဒ္လ၊ ကွမ်းသီးဟှား နှေ့တောင်း သောင်းတောင်း ကောတ်ထည်၊ သံဝမ်းယောန်းထမ်းဘီး တောန်ထတ်သွားဗီ။ ရလဲ ဖျားလဲမဖြစ်၊ မရလဲ ဖျားလဲမဖြစ်။ မိုးမိုး ၊ နှီနှီ သူ့စတိုလ်ဂွဲ့။ အိုးထဲဆန်ရှိဟှာ တည်ဟားဗဲ့၊ မှေ့ဂဲနေဟှာလဲ ဗျင်းဇွန်မာ ငုတု ထိုင်နေဂွဲ့။ သစ်တောင်း။ ကျွန်မလန် သစ်တောင်းလဲ့။ ရှိလဲ မပူ၊ မှေ့လဲ မပူ။

" စုကာန်း၊ ပိဖု ဖု ဒ္လ၊ ငှေးကောန် ဂျူသီးဆင်းရူး "
ဟောက်သားအော်၊ သယ်သားခိုင်းန မှန်းဝိုင်းမာ
ပိဖျော်ခွမ့်ရောတ်။

" မိငေး နောန်ဖစု၊ သယ်မျိုးပေါ်င်န သယ်သားတစ်ခြောင်ဖယ်မျိုးမွိုးဟို့ "

မေးလဲ အင်းမလောက်၊ အဲမလောက်။ မှုံမပ္လဲ နှေ့ကျပ်ခွဲ။ သစ်တောင်း။

သယ်နေ့လဲ ထောင်းဇံတိုင်း အောင်းပန်ကိုင်း။ မှန်းဟားအိုးတည်ဗီးသူဆွတ်လာဟူ စာကွမ့်သီးဟှားအိုး ပ္လူဗီးထိုင်နေဗီ။ " စုကာန်း၊ ပိဖု ဖု ဒ္လ၊ ငှေးကောန် ဂျူသီးဆင်းရူး " ဟောက်သားအော်၊ သယ်သားခိုင်းန မှန်းဝိုင်းမာ ပိဖျော်ခွမ့်ရောတ်။

ညဥ်ဦးဘိုင်းဟား ရောတ်ဗီဆိုလောဟှာ မီးဟူးဇဲ ( မီးဒုတ် ) ဟီး ဇဲဇီလတ်ထဲ မှောတ်ကိုင်ဗီး ဟောက်အီ အယ်အီ ကူးဗီး ဂါးပြာဇားဂွဲ့ဗီ။

မိကျင်သီး၊ ကီးသီးကျင်၊ နောန်စုအို၊ မယ်အို၊ မောန်အုန်းခင်။ ဟောက်နား စုတ်စစ် စုတ်စစ်၊ သယ်နား စုတ်စစ်စုတ်စစ်န ယောတ်စ နှေ့ယောတ်စ ပေါ်လာရင်းဟှာ ဗျင်းဇွန်

မာ ထိုင်မဆုံ့။ လူဂီးဘိုင်းဟှားလေဟှ ရှေ့မီနောတ်မီ ပြော၊ လူလတ်ပိုင်းလေဟှ ဂါးဝမ် ထောတ်။ စောစောဒူးဟ ဆတ်ဆလူးထနေဗီးလူဂီးဂြားမာ ခေရှင်းထွီးနေဂှ့ဲဟို သား ဂန်းခြောင် ခုလောဟာ ခွီးကာဒတ်မာဂှ့ဲ မွှန်ကောန်မွှန်၊ ဟောတ်ကောန်ဟောတ်။

ဂါးဝိုင်းဟှ ကောန်းနေဒူးဂှ့ဲသေး၊ မိုးလန်းဒူးဝ ရေချွှောန်းထဲမာ ကျှန်ရစ်ဗီဆီဟိ ထံ နေဟူ၊ ဖှျားဟှ ကောတ် ချစ်တဲဗီး တူဒတ်လာဘှဲ့။ မှ မှ၊ လူဟှ ဟိုက်ဒတ်လာဗီး ချွေး ဇီးပွှန်နေဗီ။ အိခ္လမှဂို ရဟှမယ်။

နောန်စုအိုဟှစဗီး လူဖှျားဟို ဒိထားမိဟယ်။ " နောန်ဖစု ခံဗျားမြား ဖှျားဒတ်နေ ဘန်မား " ဆိုမှ မီးဘောင်းခေရှယ်လောင်းန လှေဂါးဒတ်နားမာ နှီးသန်နေဟူ အီဟှ သစ်တောင်းဟှ သိဟှယ်။

" နန့်မေ၊ နန့်မေ ဖှျားမျိုးဖြစ်နူး " ဆီဟိ သူ့ဂါးဂှ့ဲ မဆောင်းလိုက်ရ။ ကီးသီးကျှင် ဟှားဟှ " ဖစု နန်ဂါးမျှားနေန၊ အီမာ ခေါ်ရှိဟယ် မူလော၊ ခေါ်ယူလာ၊ သယ်မီးမလေ ချွောန်းထဲဟ ဖန်းခါးဘန်နားမာ မူကဟုက လုပ်ဗီဂှ့ဲနား၊ ငါသေမန်းဇာ ကိုးမယ် "

ဂါလေမာလောဟာ နှီးဇဲ၊ ဂေါချုပ် ဆိုဇာမျိုးဟှလောဟှာ အီဒိုင်းရှိဂှ့ဲဇာခဲဂှ့ဲ။ နောန် ဖစုမျိုး အားနေဟှာ သူ့ထားမဂန်းဟား လတ်န နှီးထိုင်သန်သန်နေတတ်ဟူလူမျိုးရှိဟူ အီမျိုးမာလောဟာ ခေါ်ခုဆိုဇာ မြဲဒိုင်းနီးပါး ဆင်သင့်။ ဟောက်အီ၊ အယ်အီဟ သေ မာန်းဇာပစ်ဟို့ ခေါ်လိုဟာ လာတောန်းဂှ့၊ လာမေးဂှ့။ ဆေးဟိုးကွှန်းဟိုးဟှား ပေးဟာ လဲ ယူဟှားရစ်၊ မပေးလဲဖှျာလဲ မဖြစ်။ ရပ်ဆွေရပ်မျိုး တအီ့တအီ အယ်မျိုးဂှ့ဲ အားကိုး ဗီး နေဂှ့ဲရဟယ်ဆိုမျိုး။

ခေါ်ရဗီးန ကီးသီးကျှင်ဟား ကိုယ်စားလတ်လှယ်ပစ်ဟို့ စလောက်ဗီ။ မှန်းဖွှူ သောင်းဆောက်၊ မှန်းမဲ သောင်းဆောက် ဆောက်။ မှန်းမဲဟှလည်း ရှားလဲမခတ်။ မီး သွေးနှေ့တောင်းလောတ် ဆောင်ထောန်းထဲထည့်ထောန်း၊ နေဒန်ဒူးဟှ ကျှန်နေဟူ အိုး ထဲဟှ မှန်းရှမ်းခဲဟို မီးသွေးမှုန လူးလိုက်ဟှာ ရဗီ မှန်းမဲ။

" စုကန်း၊ ပန်းနီဟှား သောင်းပွှမ့်ဆင်းဆွတ်ကေ့၊ မွှန်းရှင်သီးဟား သောင်း

လောင်းဘာ ဆွတ်လာ "

ပနီးဘနိဆိုဇာဟှလည်း ခြံစည်းရိုးမာ ပေါ်မှပေါ်။ ပီးဟာလောဟာ အားလုံးဂူ ခေါ် ထဲထည့်၊ လူဖျားဟို ခွီးကဒတ်မာ လှေဂါးဖတ် ခေဆင်းဗီးထိုင်ခိုင်း၊ ဆံးဘနိခေါ်နီးဟို ဖြေခွ၊ မျစ်စိမ္မိခိုင်းဟှား။ ပီးဟှာလောဟှာ ကီးသီးကျင်ဟှား သူ့ဇပ်ပေါ်တ်သေးသေး န ရွှတ်ဘီ။

" ရေမ္လောက်ဗီး သေ၊ သစ်ပနိထတ်ဟှ ကွာဗီး သေ၊ ဗွီခေါ်တ်ဟိ သေ၊ ဖျားဗီး သေ၊ နာဗီးသေ၊ ရဲဖမ်းဇားဟိ သေ၊ မီးဒွမ်းထဲမာ သေ " ။

ဆိုဇာရှိဇာဆိုဗီးဟာလောဟာ သူ ဂါးခွန်းလဲ မပြောဗီ။ ညာလတ်န လှေဂါးဒတ်ဟှ နောနိဖစုနှီးသနိဟူ ထားမဂုတ်ဟှားခု ဇတ်ခနဲဆွဲ၊ ဘယ်လတ်ထဲမာလောဟာ သေ မနီးဇာခေါ်။

မီးဟူးဇဲ မယူ။ လူဖော်လဲ မခေါ်။ နောတ်ဟိုလဲ ရှင်းလှည့်မကော့။ ခြံထဲဟှထွမ့်ဗီး အီရှေ့ထွန်းဘေးဟှနေ ရေခွောနီးထဲဟို ဆင်းဟူ မွေသားလှေဂါးဆစ်လေဟှနေ ထစ် ရှင်းဆင်း။ သူ့ဟို ဟယ်သူလဲ မမြင်၊ သူဟှလည်း လမ်းဟို မမြင်။ အယ်ဖေမဲ့ ကီးသီး ကျင်ဟှားခေဒေါ်တ်ဟှ သူဖယ်ဟို သွားရမယ်ဆိုဇာ သိဟှယ်။ လမ်းမြင်ဘဲလည်း ကိ စမှေ့။ ဘဝ သိ၊ သာဘာဝ သိ။

ရေခွောနီးကမ်းဇပ်မာ သစ်ပေါ်က်ပနိဂီး ဘနိရှိဟှယ်။ သေမနီးဇာခေါ်ဟို သစ်ပနိ ဖုမာခိ၊ ဇတ်ပေါ်တ်ဟှ ရဲဟို စားဇာရှိဇာ စား၊ ဖမ်းဇားဖယ်ဇားဘာန ပြော၊ သားငယ် မီးငယ် လုပ်မှားကိုင်မှား၊ ပြောမှားဆိုမှား၊ နေမှားထိုင်မှားရှိဟှာ ခွမ့်လွှတ်ဟို့တောနီး ဘနိ။ ပီးဟှာလောဟှာ လတ်ထဲဟှ ထားဟိုလေထဲမာ မွှောတ်၊ နောတ်ဟို လောင်းဝလှ ည့်မကော့၊ အီဟို တနီးတနီးပွွန်။

သူ ထွန်းဘေးလှေဂါးနားဂို မရောတ်သေး၊ နောတ်မာ ခွီးအူသံလေ ဆူနေဗီ။ အီ ဟှ ဗျင်းဇွန်မာ ထိုင်စောနိ့နေဟူ လူလေအားလုံး အယ်ခီဆိုဟှာ ဖျားဖြစ်နေဘီဆိုဇာ သိဂဲ့ဗီ။ ယောတ်န ယောတ် ဖယ်လူလဲ ဂါးမပြော။ အားလုံးဟှ ခြံဝမာ ကီးသီးကျင်

ဟားပေါ်လာဟ်ုဇာဝဲ မျှော်နေဂ့ဲဝီ။

ခွီးအူသံလေ ပိုကြမ်းလာဗီ။ ရေချောန်းကမ်းဟျခွီးလေ အူသံကြားလောဟာ ပောာက်နားအယ်နား အိဟ်ုလုပ်နေဟူ ခွီးလေဘာ လိုက်အူဂ့ဲ။ ညဥ့်ဦးယံမာ ခွီးအူသံလေ ဟည်းဟည်းဆူ။

ဝူးအူးအူး ● ● ● ● ဝူးအူးအူး ● ● ● ဝူးဝူး ● ●

ဝါ၊ ကီးသီးကျင်ဟား ခေသံကြားဗီ။ ပီးဗီပါးဘား သူ ကောန်လောင်းဟျားန စာလိုက်ဟျာ သူ့ခေသံဟ ကြမ်းဇဝ့ဲ။ မာဇ။ အားရှိဇဝ့ဲ။

ခွီးကဒတ်မာ ထွန်းဟားဟူ မီးဘောင်းဆီးဆာ မီးရောန်န သူ့ဆံးဘန်ထွီးဟို ဗျင်ရဗီ။ လတ်ထဲမာ ထားမဂုတ်ဟျားဟို မျှောတ်၊ နောတ်ဟိုလောင်းဂ လှည့်မကော့။ လှေဂါးခေါင်ရောတ်န ပထမဆောင်းလှေဂါးထစ်ဟို ထားမဂုတ်န ချစ် " တုန်း " ခနဲ ဖြယ်အောန်ခေါတ်ဟာယ်။ ပီးဟာ ဇာတ်ပေါတ်ဟျ သံဂ္လယ်ဟီးထွမ့်ဘီး အော်မေးဟာယ်။

" ကောန်းဘွော် "

သူအဲမုံမျိုးအော်မေးန အီထတ်ဟျ လူနာရှင်ဟ " ကောန်းဗီ " ဆိုဗီး အော်ဖြေရဟာယ်။ လူနာဟိုလောဟာ သူထားရစ်မျိုး လှေဂါးထိမာ ထိုင်ခိုင်းဟားဒူး။

နောတ်ထပ်လှေဂါးတစ်ထစ်ထပ်တတ်ဟာယ်။ လှေဂါးထစ်ဟို ထားမဂုတ်န ချစ် " တုန်း " ခနဲဖြယ်အောန် ခေါတ်ဟာယ်။ ပီးဟာ " ကောန်းဘွော် " ဆိုဘီး အော်မေးဗန်ဟာယ်။ လူဖျားအီးရှင်ဟျလဲ " ကောန်းဗီ " ဆိုဗီး အော်ဖြေရဟာယ်။ အယ်မုံမျိုး သောင်းဂြီသောင်းခါ မေးဖြေ

ထားမဂုတ်န ချစ်
" တုန်း " ခနဲ ဖြယ်အောန်
ခေါတ်ဟာယ်။ ပီးဟာ
ဇာတ်ပေါတ်ဟျ သံဂ္လယ်ဟီး
ထွမ့်ဘီး အော်မေးဟာယ်။
" ကောန်းဘွော် "

လုပ်ဗီးဟျာလောဟာ သူအီထက်ဟို တတ်လာဗီ။

" ဖျားလဲမဖြစ်ဗီ၊ ကောန်းဟားဗီ " ဆိုဗီ လူနာဟို ခေါ်န်းကိုင်ဗီး ပြောမယ်။ ထားခွမယ်။ ပီးမှ " ရေခွမ့်ယူလာ " ဆီဟိုတောန်းမယ်။ လူနာရှင်အီဟျ ဆင်သင့်ခပ်ဟျားဟို ရေခွမ့်န သူ့လက်နှေ့ဖတ်လောင်းဟို ရေအားလောင်းဂူ ခါတည်း လောန်းပေးရမယ်။ ရေလောန်းခီမာ လက်ပွှန်လောန်းရမယ်။ ရေလောန်းဗီးဟာလောဟာ ပီးဗီ၊ သေမန်းဇာကိစ။ ပီးဟာလောဟာ ဂါးဝိုင်းပွှန်ဖွဲ့ဂို့၊ ညဉ့်ဦးကြစ်တွန်ဗီးမှ မီးဟူးဇဲကိုယ်ဇီန အီပွှန်ဂို့။

နောက်နေ့မိုးလန်း ရေချှောန်းထဲမာ ပွှန်ဆောင်ဂို့။ ညဉ့်ခုန်းဒူးဟ လူဖျားလည်းယင်းခွမ့်တန်းလန်းန ခဲဒွမ်းစမ်း။

အီပွှန်လန်းဟျ ထွန်းဘေားလှေဂါးဒတ်နားဟျ သစ်ပေါက်ပန်မာလောဟာ ခေါ်ဇာဗန်းလေ တန်းလန်းတန်းလန်း။

■ ■ ■ ■

တွဲ ၁၊ မှတ် ၁
ဇွန်လ၊ ၂၀၂၆ ခုနှစ်။

